ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ စနေနေ့၊ (9-7-2005) (၄၆၅၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ လား(စ်)၊ ဘက်စထရောင်း(မ်) ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာ ပေးအပ်

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ လား(စ်)၊ ဘက်စထရောင်း(မ်)သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ယူကရိန်းနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာ ပေးအပ်

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အီဟော၊ ဟူမန်နီသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့်ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။(သတင်းစဉ်)

လက်ခံ တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီဟော၊ ဟူမန်နီအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံ တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၇-၂၀၀၅
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-ယူနန် စီးပွားရေးဆက်ဆံမှုတိုးတက် ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှေးအစဉ်အဆက်ကတည်းကပင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ခဲ့ကြသည်။ နှစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ အိမ်နီးချင်းကောင်း ပီသမှုများကို အခြေခံပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိကြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားရောက်ကြခြင်းဖြင့် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်ခိုင်မြဲစေလျက်ရှိပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင်က ဇူလိုင်လ ၃ ရက်နေ့တွင် ကူမင်းမြို့ရှိ Expo Garden Hotel သို့ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

ယင်းသို့ ဂါရဝပြုတွေ့ဆုံရာတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင်က **ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေးပမာဏသည် တရုတ်-မြန်မာ ကုန်သွယ်ရေးစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ မိမိတို့ ယူနန်ပြည်နယ်အစိုးရသည် ယူနန်ပြည်နယ်လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံရန်အားပေးပါကြောင်း၊ မြန်မာလုပ်ငန်းရှင်များကိုလည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ကြိုဆိုပါကြောင်း** ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက **ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးကုန်သွယ်ရေးမှာလည်း တိုးတက်မည့်အလားအလာ အလွန်ကောင်းမွန်နေပြီဖြစ်၍ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ ပြောင်းလဲရန် အချိန်သင့်ပြီဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား မူဆယ်-ရွှေလီ နယ်စပ်ဖြတ်ကျော်၍ စနစ်ကျသည့် ပုံမှန်ကုန်သွယ်ရေးကို ကူးပြောင်းခြင်းဖြင့် ကုန်သွယ်မှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါကြောင်း** ပြောကြားခဲ့သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံတို့သည် နယ်နိမိတ်ကီလိုမီတာ ၂၀၀၀ ကျော် ဆက်စပ်နေရုံသာမက မဲခေါင်မြစ်နှင့်ပါ ဆက်စပ်လျက်ရှိသည်။ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် နယ်မြေချင်းဆက်စပ်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးဆက်ဆံမှု တိုးတက်ကောင်းမွန်ရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးမှာ ကျယ်ပြန့်စွာ တိုးတက်လာလျက်ရှိရာ ၂၀၀၄ ခုနှစ်တွင် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀ ရှိခဲ့သည်။ ယူနန်ပြည်နယ်၏ နယ်စပ်ကုန်သွယ်ရေးများတွင် မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးသည် အများစုဖြစ်သည်။

ယခုအခါ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးကုန်သွယ်ရေးသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးမှသည် ပုံမှန်ကုန်သွယ်ရေးသို့ ပြောင်းလဲနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့သွားရောက်၍ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်သည် တရုတ်-မြန်မာနှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ယူနန်-မြန်မာ စီးပွားရေးဆက်ဆံမှုများ ပိုမိုတိုးတက်လာစေပြီး ကုန်သွယ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

တရုတ်-ရုရှား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မည် သမ္မတ ဟူကျင်တောင်နှင့် သမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေး

နိုဗိုဇီဗက်(ရုရှား) ဇူလိုင် ၈

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို တစ်စတစ်စ တိုးမြှင့်ပြုလုပ်သွားရန်နှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန်ဖလှယ်မှုများ မြှင့်တင်သွားကြရန် တနင်္ဂနွေနေ့တွင် သဘောတူညီလိုက်ကြသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် နယ်ပယ်ကဏ္ဍမျိုးစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်မှုရှိကာ မဟာဗျူဟာမြောက် မိတ်ဖက်ပြု ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရုရှားနိုင်ငံသို့ ရောက်ရှိနေသော တရုတ်သမ္မတဟူကျင်တောင်နှင့်သမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင်ဖော်ပြသည်။ ၎င်းတို့သည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန် ကိစ္စရပ်များ၊ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တရုတ်နှင့်ရုရှားနိုင်ငံတို့သည် ၂၀၀၁ ခုနှစ် ဇူလိုင် ၁၆ရက်တွင် လက်မှတ်ရေးထိုးခဲ့သော အိမ်နီးချင်းကောင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ပါ အခြေခံမှုများနှင့်အညီ နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ခြင်း၊ နှစ်နိုင်ငံစလုံး အကျိုးကျေးဇူးရရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း၊ ဒေသဆိုင်ရာနှင့်နိုင်ငံတကာ ကိစ္စရပ်များတွင် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းတို့ပြုလုပ်သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့၏ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအရ အချုပ်အခြာအာဏာ၊ အမျိုးသားလုံခြုံရေးနှင့် ပိုင်နက်နယ်မြေ စုစည်းတည်ရှိမှုတို့အတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ထောက်ခံအားပေးသွားကြရန် သမ္မတနှစ်ဦးက သဘောတူညီကြသည်။

တရုတ်နိုင်ငံ၏ ခွဲထွက်မှုပိတ်ပင်ရေး ဥပဒေနှင့်အညီ တရုတ်နှင့် တရုတ်ထိုင်ပေတို့ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းမှုရှိစေရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းချက်များကို ရုရှားနိုင်ငံက နားလည်သဘောပေါက်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ် အရပ်သားနှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသတွင် တနင်္လာနေ့က ကားဗုံးတစ်လုံးဖောက်ခွဲမှုကြောင့် အီရတ်အရပ်သားနှစ်ဦး သေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထောင်ချောက်ဗုံး တပ်ဆင်ထားသည့် မော်တော်ယာဉ်တစ်စီး လမ်းတွင် ရပ်ထားရာမှ အဝေးထိန်းစနစ်ဖြင့် နံနက် ၁၁နာရီခန့်က ဖောက်ခွဲခဲ့ရာ အနီးအပါးရှိ မော်တော်ယာဉ်အများအပြား ပျက်စီးသွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

မသိရသေး

ယင်းဗုံးဖောက်ခွဲမှု၏ ပစ်မှတ်နှင့် စပ်လျဉ်း၍ သဲသဲကွဲကွဲ မသိရသေးပေ။ ယင်းဒေသတွင် အမေရိကန် သို့တည်းမဟုတ် အီရတ်စစ်ဘက် မော်တော်ယာဉ်တန်းများ သွားလာမှုမရှိဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ရှီးယိုက်တို့လွှမ်းမိုးသည့် အီရတ် အစိုးရအဖွဲ့ကို ဧပြီလနှောင်းပိုင်းကာလအတွင်း ဖွဲ့စည်းခဲ့ပြီးသည့်နောက် ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံတစ်ဝန်းတွင် လူ ၁၄၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လန်ဒန် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၄၉ဦးရှိ

လန်ဒန် ဇူလိုင် ၈

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်တွင် ကြာသပတေးနေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံးရသူ ဦးရေမှာ သောကြာနေ့အထိ ၄၉ဦးရှိကြောင်း မြို့တော်ရဲတပ်ဖွဲ့က ပြောကြားသည်။

အတိအကျမသိ

ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံးရသူဦးရေသည် ၁၀၀ ထက်ကျော်လွန်ဖွယ်မရှိကြောင်း၊ သို့ရာတွင် ရပ်ဆယ်စကွဲယား မြေအောက်ရထားဘူတာရုံ၌ ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုအတွင်း သေဆုံးခဲ့ရသူဦးရေကို အတိအကျမသိနိုင်သေးကြောင်း မြို့တော်ရဲတပ်ဖွဲ့ ရဲမင်းကြီးဆာအီယန်ဘလဲက ပြောကြားသည်။

မြေအောက်ရထားဘူတာရုံသုံးခုနှင့် ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူ ၇၀၀ခန့်ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူများအနက် ၂၂ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

တပ်လှန့်ထား

မြို့တော်လန်ဒန်တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းရှိ ပင်လယ်ဆိပ်ကမ်းများနှင့် လေဆိပ်များတွင်လည်း လုံခြုံရေးကို တပ်လှန့်ထားသည်။

အင်တာနက်။

အီရတ်တွင် သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၇၅၁ ဦးရှိ

ဝါရှင်တန် ဇူလိုင် ၈

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် မတ်လ၌ စစ်ပွဲစတင်ခဲ့ချိန် နောက်ပိုင်း ယင်းနိုင်ငံ၌ သေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ဇူလိုင် ၇ရက်အထိ ၁၇၅၁ဦးရှိကြောင်း အေပီသတင်းဌာနက ကောက်ယူသော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဖော်ပြပါအရေအတွက်အနက် ၁၃၄၈ဦးမှာ ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ သေဆုံးရသူဦးရေတွင် အမေရိကန်စစ်ဘက်၌ အမှုထမ်းရွက်သော အရပ်သားငါးဦးလည်း ပါဝင်ကြောင်း အေပီက ဖော်ပြသည်။

အီရတ်တွင် စစ်ဆင်ရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း သမ္မတဘုရှ်က ထုတ်ပြန် ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေ ၁ရက် နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၆၁၂ဦး သေဆုံးခဲ့ရကြောင်း အေပီ၏စစ်တမ်းတွင် ဖော်ပြထားသည်။

အင်တာနက်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	**မိုးကုတ်ဆရာတော်ကြီး၏ တရားတော် -ပြုံးသေ၊ မဲ့သေတရားတော်**
၉:၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	**အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် - 'Functions of Origins of Psychological Testing (တတိယနှစ်-စိတ်ပညာ)**
၅:၃၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄ နာရီ" (အပိုင်း-၁၉)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း-၇)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။



ဇူလိုင် ၈ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အီဟော၊ ဟူမန်နီ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၈ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လား(စ်)၊ ဘက်စထရောင်း(မ်)အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေး အရောင်းအဝယ်စာချုပ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံရေလုပ်ငန်းရှင်များ အသင်းချုပ်တို့ ဦးဆောင်သော မြန်မာကုန်သည် ၈၀ ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်ကြီး များအသင်းဦးဆောင်သော တရုတ်ကုန်သည် ၈၀ ကျော်တို့၏ ရောင်းဝယ်ရေးစာချုပ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် ညနေ ၅ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပခဲ့ရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမှာစကားပြော ကြားရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ အကြား ကုန်သွယ်မှု မြှင့်တင်ရေး အတွက် ယခုကဲ့သို့ မြန်မာကုန်သည် များနှင့် တရုတ်ကုန်သည်များ တိုက်ရိုက် တွေ့ဆုံပြီး အရောင်းအဝယ်စာချုပ် များကို လက်မှတ်ရေးထိုးခြင်း၊ ရောင်း လို ဝယ်လိုသည့် ကုန်ပစ္စည်းများကို နားလည်မှုစာချွန်လွှာ လက်မှတ်ရေး ထိုးခြင်းများ ဆောင်ရွက်ခြင်းဖြစ် ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကပို့ကုန် များဖြစ်သော လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာ ဈေးကွက်ပေါက်ဈေးနှင့်အညီ ရောင်းချ နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

အလားတူ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက အမှာစကားပြောကြား ရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ အကြား ရှေးယခင်ကတည်းက တည်ရှိ ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ ရည်မှန်း ထားသည့် ကုန်သွယ်မှုပမာဏ အမေ ရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံသို့ ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ အရည်အသွေးမီသည့် ထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြော ကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင် များအသင်းချုပ်နှင့် မြန်မာနိုင်ငံ ရေလုပ်ငန်းရှင်များအသင်းချုပ်တို့ ဦးဆောင် သော မြန်မာကုန်သည်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်ကြီးများအသင်း ဦးဆောင်သော တရုတ်ကုန်သည်များ ရောင်းဝယ် ရေးစာချုပ်နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇူလိုင် ၄ ရက်က ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင် သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

အဆိုပါ ရောင်းဝယ်ရေးစာချုပ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေး ထိုးမှုမှာ ကုန်ရောင်းစာချုပ် ၃၇ ခု၊ အမေရိကန်ဒေါ်လာ ၁၇၆သန်းကျော်နှင့် နားလည်မှုစာချွန်လွှာ၁၉ခု၊ အမေရိကန် ဒေါ်လာ ၁၁၃ သန်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း၂၉၀ကျော်ခန့် ဖြစ်သည်။

(သတင်းစဉ်)

MRTV - 4
ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ(၅)
၇း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	Star Album (5)
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	မိုးလေဝသခန့်မှန်းချက်
၈း၃၅	ကရာတေးဒိုအားကစား
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	လှူဖို့ဝှက်သောနှင်း တေးသံစဉ်နှင့် ပုံရိပ်များ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ညောင်နှစ်ပင် ခရမ်းချဉ်သီး စိုက်ပျိုးနည်း
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ချစ်စရာ့ကျေးလက်ဓလေ့နှင့် မိရိုးဖလာ အိုးလုပ်ငန်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	UEFA Stories Euro 2000
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	သွန်းလောင်းသံနည်းပညာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။



မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမဦးကျင်းပရာ သဘာပတိ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားရေးရာအကြောင်းပြကာ နိုင်ငံရေးနှင့် ရောနှောပြီး ဖိအားပေးနေခြင်းသည် မှန်ကန်သည့်၊ တရားမျှတသည့် လုပ်ရပ်မဟုတ်

● **အင်အားကြီးနိုင်ငံအချို့မှ**

အခမ်းအနားတွင် သဘာပတိအဖြစ် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် စည်းရုံးရေးမှူးဒေါ်စောယုနွယ်၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် စည်းရုံးရေးဌာနကြီးမှူး ဒေါ်အေးအေးဝေ၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်စမ်းစမ်း၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း(၂) အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးသန့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ဒေါ်မွန်ရည်ခိုင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နီလာမြင့်က ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းပြီးချိန်မှ ယနေ့အထိ အမျိုးသမီးရေးရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အဆင့်ဆင့် စည်းရုံးဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၀၅ ခုနှစ် ဧပြီလအထိ အသင်းဝင်အင်အား ၁၅၀၅၉၄ ဦးအထိ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်တာဝန်ယူခဲ့ရသည့်အချိန်မှစပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေး ဦးတည်ချက် (၄)ရပ်နှင့် လူမှုရေးဦးတည်ချက် (၄)ရပ်ကို ချမှတ်၍ ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ယခုအခါတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်ချမှတ်ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ဖော်ဆောင်ပေးလျက်ရှိနေကြောင်း။

သမိုင်းအစဉ်အလာမြင့်မားခဲ့သည့် မြန်မာအမျိုးသမီးများသည် နိုင်ငံတော် နိုင်ငံရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍအသီးသီး၌ ခေတ်အဆက်ဆက်တွင် ပါဝင်ထမ်းဆောင်ခဲ့ကြကြောင်း၊ မြန်မာ့သမိုင်းအဆက်ဆက်တွင် ထင်ရှားသော အမျိုးသမီးစာဆိုတော်များ၊ တရားရေးရာ အဖြာဖြာကို လိမ္မာကျွမ်းကျင်စွာ ဆုံးဖြတ်နိုင်စွမ်းရှိသည့် အမျိုးသမီး တရားဥပဒေပညာရှင်များ၊ စာပေပရိယတ္တိကျမ်းဂန်၊ အဘိဓမ္မာပညာရေးရာ ကျွမ်းကျင်တတ်မြောက်သော အမျိုးသမီးစာပေပညာရှင်များ အမြောက်အမြား ပေါ်ထွန်းခဲ့ကြောင်း။

ယနေ့ကာလတွင်လည်း မြန်မာနိုင်ငံ၌ အမျိုးသမီး ဆေးပညာရှင် ပါရဂူများနှင့် ဆရာဝန်များစွာသည် လည်းကောင်း၊ အမျိုးသမီးဥပဒေပညာရှင်များသည် လည်းကောင်း၊ ပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် အမျိုးသမီးပါရဂူများနှင့် ပညာရှင်များသည်လည်းကောင်း၊ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများသည်လည်းကောင်း၊ မျိုးနွယ်မတိမ်ကောရေးနှင့် မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် မြန်မာအမျိုးသမီးများသည် လည်းကောင်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ စွမ်းဆောင်ရည်မြင့်မားစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း။

အားကစားကဏ္ဍတွင်လည်း မြန်မာအမျိုးသမီးများသည် နိုင်ငံနှင့်လူမျိုးကို ဂုဏ်ဆောင်လျက် အောင်မြင်မှုများ ရရှိနေသကဲ့သို့ နိုင်ငံအတွင်း တံတား၊ဆည်တမံများ တည်ဆောက်ရာတွင်လည်း မြန်မာအမျိုးသမီး အင်ဂျင်နီယာများသည် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

မြန်မာအမျိုးသမီးများက မိမိတို့၏ စွမ်းအားများဖြင့် နိုင်ငံတော် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေချိန်တွင် နယ်ချဲ့သြဇာခံရန်၊ နယ်ချဲ့၏ ကြိုးဆွဲရာကမည့် လက်တစ်ဆုပ်စာ လူတစ်စုသည် မြန်မာနိုင်ငံကို ပြန်လည်ကျွန်ဇာတ်သွင်းရန် အဖျက်အမှောင့်လုပ်ငန်းများ အဆက်မပြတ်လုပ်ဆောင်နေကြကြောင်း၊ ၎င်းတို့၏ မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများကြောင့် အင်အားကြီးနိုင်ငံတချို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဖိအားပေးမှု၊ ပြည်ပအကူအညီများ ကန့်သတ်ပိတ်ဆို့မှု၊ ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတကာချေးငွေပိတ်ဆို့မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိတ်ဆို့မှု၊ ကမ္ဘာ့လှည့်ခရီးသည်နှင့် ဟိုတယ်လုပ်ငန်းများ၌ ပိတ်ဆို့တားမြစ်မှုကို တစ်ဖက်သတ်ဖိအားပေး လုပ်ဆောင်ခဲ့ကြကြောင်း။

ရရှိပြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုများကို ပြည်ပမှ ကန့်သတ်ပိတ်ဆို့သဖြင့် မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများ ယုတ်လျော့ကျဆင်းခဲ့ရကြောင်း၊ ဤကဲ့သို့ စီးပွားရေး ပိတ်ဆို့မှုများ၏ဆိုးကျိုးသည် မြန်မာအမျိုးသမီးများအား တိုက်ရိုက် ရိုက်ခတ်ပြီး အမျိုးသမီးငယ်များအား အလုပ်လက်မဲ့ဘဝသို့ တွန်းပို့လျက်ရှိကြောင်း၊ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အမျိုးသမီးငယ်အချို့သည် မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရင်းဖြင့် ရပ်တည်ရန် ခက်ခဲမှုအပေါ် အမြတ်ထုတ်လိုသူတို့၏ လှည့်ဖြားမှုကြောင့် လူကုန်ကူးမှု၏ သားကောင်ဘဝအထိ ကျရောက်ခဲ့ကြရကြောင်း။

အခြားတစ်ဖက်တွင်လည်း ပြည်ပြေးတချို့သည် ICFTU ဟုခေါ်သည့် ပြည်ပအလုပ်သမားအဖွဲ့တစ်ခု၏ လောင်းရိပ်ကိုခိုပြီး မဟုတ်မမှန် လုပ်ကြံလီဆယ်ကာ ILO ကို တိုင်ကြားခဲ့သည့်အတွက် ILO က မြန်မာနိုင်ငံအပေါ် အကြောင်းအမျိုးမျိုးပြပြီး ဖိအားပေးလာခဲ့ကြောင်း။

မြန်မာနိုင်ငံသည် မိမိခြေထောက်ပေါ် မိမိရပ်တည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစိုးရ၊ ပြည်သူနှင့် တပ်မတော် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နေသဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများကို တစ်နိုင်ငံလုံး သိထားကြပြီးဖြစ်ကြောင်း။

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအနေဖြင့် ဤအခြေအနေ၊ ဤဖြစ်ရပ်များကို ကြည့်ခြင်းအားဖြင့် အလုပ်သမားရေးရာကိစ္စအကြောင်းပြကာ နိုင်ငံရေးနှင့်ရောနှောပြီး နိုင်ငံရေးအရ ဖိအားပေးမှုများ ပြုလုပ်နေခြင်းသည် မှန်ကန်သည့် လုပ်ရပ်၊ တရားမျှတသည့်လုပ်ရပ်မဟုတ်သည့်အပြင် နဂိုဗီဇအရ အေးချမ်းစွာနေထိုင်လျက်ရှိသည့် မြန်မာတိုင်းရင်းသားတို့၏ လူနေမှုလေ့စရိုက်များကို ထိပါးစေသည့်အတွက် ကိုလိုနီလက်သစ်များ၏အန္တရာယ်ကို အထင်အရှား သိမြင်နားလည်ထားကြသည်ဟု ပြောကြားလိုကြောင်း။

အခြားတစ်ဖက်တွင်လည်း ပြည်ပြေးအကြမ်းဖက်အဖွဲ့တချို့သည် နိုင်ငံအတွင်း မငြိမ်မသက်ဖြစ်ပြီး တည်ငြိမ်မှု ပျက်ပြားစေလိုသည့် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက် ဗုံးဖောက်ခွဲမှုများကို လက်ရဲဇက်ရဲ လုပ်ဆောင်နေကြောင်း။

ထို့အပြင် အချို့အင်အားကြီးနိုင်ငံတချို့က လူ့အခွင့်အရေးဆိုသည့်စကားလုံးကို လိုတစ်မျိုး၊ မလိုတစ်မျိုး လွဲမှားစွာ အသုံးပြုနေကြသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များတွင် ထိခိုက်နစ်နာမှုများဖြစ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်ပနိုင်ငံအချို့၏ ဖိအားပေးမှုများကြောင့် စက်ရုံ၊ အလုပ်ရုံအချို့ ပိတ်လိုက်ရသည့်အတွက် အလုပ်သမား သောင်းနှင့်ချီပြီး အလုပ်လက်မဲ့ဖြစ်ခဲ့ရခြင်းသည် မြန်မာပြည်သူများအတွက် အလုပ်လုပ်ကိုင်ခွင့်ဆိုသည့် လူ့အခွင့်အရေး ဆုံးရှုံးစေသော အဖျက်လုပ်ရပ်ပင်ဖြစ်ကြောင်း။

ယင်းသို့ ဆန့်ကျင်ဘက် ပြည်တွင်း၊ ပြည်ပ အဖွဲ့များက နိုင်ငံတော် ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေသည့်ကြားမှ အစိုးရ၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းပြီး မမိုတ်မသုန် ဆောင်ရွက်နေသည့်အတွက် နိုင်ငံအတွင်း၌ အခြေခံကောင်း၊ အလားအလာကောင်းများ ဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာဖြစ်ကြောင်း။

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဟန်နီလာထွန်း မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုများကို အနှောင့်အယှက်အဟန့်အတားပြုနေပြီး တိုင်းပြည်မငြိမ်မသက် ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက် အဖျက်လုပ်ရပ်များ လုပ်ဆောင်နေသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားအဖွဲ့အားလုံးကို မိမိတို့မြန်မာအမျိုးသမီးထုကြီးက ဝိုင်းဝန်းရှုတ်ချပြီး တိုင်းပြည်၏ ဘုံရန်သူအဖြစ်သတ်မှတ်ကာ ရှင်းလင်းဖယ်ရှားသွားကြမည်ဖြစ်ကြောင်း ပြောကြားလိုက်ပါကြောင်း။

မြန်မာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်များဖြစ်သည့် **"မြန်မာအမျိုးသမီးများ ပေါင်းစည်းအား ထင်ရှားစွမ်းဆောင်ရည်၊ဇူလိုင် ၃ ရက် လက်ချင်းယှက် မပြတ်ကမ္ဘာတည်"** ဆိုသည့် ဆောင်ပုဒ်နှင့် **"ဝံသာနုတရား လက်ကိုင်ထား ခိုင်မာအင်အား မြန်မာအမျိုးသမီးများ"** ဆိုသည့် ဆောင်ပုဒ်များသည် မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှု စရိုက်လက္ခဏာနှင့် စွမ်းဆောင်ရည်မြင့်မားမှုကို ဖော်ညွှန်းနေကြောင်း။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားပြီး အမျိုးသားရေး စရိုက်လက္ခဏာနှင့် ယဉ်ကျေးမှုကိုအစဉ်အမြဲထိန်းသိမ်းနေသည့် မြန်မာအမျိုးသမီးများသည် ဝံသာနုရက္ခိတတရား လက်ကိုင်ထားပြီး ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မှန်ကန်သည့်ဦးဆောင်မှုဖြင့်–

- **ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး တာဝန်အဖြစ် လက်ဆင့်ကမ်း ခံယူကျင့်သုံးရေး၊**
- **အမိနိုင်ငံတော်တွင် မှန်ကန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊**
- **အမိနိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ရာသက်ပန်ကာကွယ်စောင့်ရှောက်ရေး၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရေး**

ဆိုသည့် အဓိဋ္ဌာန်ကို ရာသက်ပန်ထားရှိပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဟန်နီလာထွန်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့သည် မိမိတို့ မြန်မာအမျိုးသမီးများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး မြန်မာအမျိုးသမီး ၂၇သန်းကျော်ကို ကိုယ်စားပြုထားသည့် ဂုဏ်ယူရမည့်နေ့တစ်နေ့ဖြစ်ကြောင်း။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစောင့်ထိန်းပြီး ဝံသာနုရက္ခိတတရား လက်ကိုင်ထားသည့် မြန်မာအမျိုးသမီးများသည် စုစည်းညီညွတ်သည့်စွမ်းအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း။

နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကြီးမားခဲ့သည့် မြန်မာအမျိုးသမီးများ၏ လွတ်လပ်ရေးကို ချစ်ခင်မြတ်နိုးတန်ဖိုးထားကာကွယ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းမှုများသည် မိမိတို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခြေခံမူလေးရပ်ထဲမှ ဒို့တာဝန်အရေး(၃)ပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် အခြေခံမူနှင့် ကိုက်ညီနေကြောင်း။

မိမိတို့ မြန်မာတိုင်းရင်းသားများသည် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ရပ်တည်နေထိုင်လာကြသော လူမျိုးများဖြစ်ကြောင်း၊ ညှော်ဝတ်ကျေပွန်သောလူမျိုး၊ ကူညီရိုင်းပင်းသောလူမျိုး၊ အများအကျိုးအတွက် စုပေါင်းဆောင်ရွက်သောလူမျိုး၊ ယဉ်ကျေးပျူငှာသောလူမျိုးအဖြစ် မြန်မာနိုင်ငံကို ရောက်ဖူးသူတိုင်းက အလေးထား အသိအမှတ်ပြုကြကြောင်း၊ သမိုင်းတစ်လျှောက် စည်ပင်ဝပြောသည့် နိုင်ငံတော်ကြီးများ ဖြစ်ထွန်းအောင်မြင်ခဲ့ရာတွင် အုပ်ချုပ်သူနှင့် ပြည်သူ တက်ညီလက်ညီ စုပေါင်းလက်တွဲဆောင်ရွက်ခဲ့မှု၏ ရလဒ်ဖြစ်သည်ကို တွေ့ရမှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✧

နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် သံခဲဦးစီးသော ABSDF အကြမ်းဖက်အဖျက်သမားအဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာသင့်

✥ စာမျက်နှာ ၄ မှ
နိုင်ငံတော်သစ် တည်ဆောက်ရေးဟူသည့် နိုင်ငံရေး ဦးတည်ချက်(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ၌ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း၊ ယခုဆိုလျှင် အမျိုးသားညီလာခံကြီးက အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ ညှိနှိုင်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်အမျိုးမျိုးကို ကျင့်သုံးလျက်ရှိနေကြောင်း၊ အနောက်နိုင်ငံများက ကျင့်သုံးသည့် ဒီမိုကရေစီမျိုးကို ပုံတူကူးချ၍ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း၊ အရှေ့နှင့်အနောက် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အလေ့အထ၊ အစားအသောက်ကအစ မတူဘဲ ကွဲပြားခြားနားနေသည်ကို သိလျက်နှင့်ပင် ပုံတူကူးချလျှင် ရေရှည်တည်တံ့မည်မဟုတ်ဘဲ အမှားတွေ့မည်ဖြစ်ကြောင်း၊ မိမိတို့ဖော်ဆောင်မည့် ဒီမိုကရေစီသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှု၊ မိမိဓလေ့စရိုက်နှင့် ကိုက်ညီသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီမျိုးသာဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ကိုက်ညီသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေခြင်းကို မလိုလားသည့် အနောက်နိုင်ငံကြီး အချို့နှင့် ၎င်းတို့၏လက်ပါးစေများသည် မမှန်မကန် လုပ်ကြံဖန်တီးပုံဖျက်မှုများဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် နှောင့်နှေးကြန့်ကြာအောင် ဝိုင်းဝန်းနှောင့်ယှက်လျက်ရှိကြောင်း။

ယနေ့ကမ္ဘာ၌ လူသိများရေပန်းစားနေသည့် ဝေါဟာရမှာ လူ့အခွင့်အရေးဟူသော ဝေါဟာရပင်ဖြစ်ကြောင်း၊ ယင်းသို့ လူသိများရေပန်းစားနေသည့် ဝေါဟာရကို ခုတုံးလုပ်ကာ မြန်မာနိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေသည်ဟု ငါ့စကားနွားရ စွပ်စွဲခဲ့ကြပါကြောင်း၊ ဤစွပ်စွဲချက်များ၏ အခြေအမြစ်များကို လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် ပြည်ပြေးအဖျက်သမားများနှင့် နိုင်ငံတော်အား ဆန့်ကျင်နေသည့်အဖွဲ့များ၏ လုပ်ကြံဖန်တီးချဲ့ကားထားသော သတင်းမှားများအပေါ် အခြေခံထားသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ဤသတင်းမှားအပေါ် အခြေခံပြီး ပြည်ပအင်အားကြီးနိုင်ငံအချို့က တစ်ဖက်သတ် ဖိအားပေးမှုကြောင့် မြန်မာနိုင်ငံမှ စက်ရုံ၊ အလုပ်ရုံအချို့ ပိတ်လိုက်ရသည့်အတွက် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သွားခဲ့ရကြောင်း၊ ယင်းသည် မြန်မာနိုင်ငံသား လူတစ်ဦးချင်းစီ၏ အလုပ်လုပ်ပိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့် လူ့အခွင့်အရေးတစ်ရပ် ဆုံးရှုံးသွားအောင် လုပ်ဆောင်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အနောက်အင်အားကြီး နိုင်ငံအချို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဖိအားပေးပိတ်ပင်ခြင်းသည် မြန်မာနိုင်ငံသားတို့၏ လူ့အခွင့်အရေးကို ပိတ်ပင်နေခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် သံခဲဦးစီးသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦးအမည်ခံ ABSDF အကြမ်းဖက်အဖျက်သမားအုပ်စုက နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုပျက်ပြားအောင်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးအောင် အကြမ်းဖက်အဖျက်လုပ်ရပ်များကို အဆက်မပြတ်လုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း၊ ယင်းအဖွဲ့၏အဆိုးရွားဆုံးလုပ်ရပ်မှာ ၁၉၉၆ခုနှစ် ဒီဇင်ဘာလအတွင်း၌ တရုတ်ပြည်မှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်အပူဇော်ခံရာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူအတွင်း ချိန်ကိုက်ဗုံးထောင်ပြီး ရဟန်းရှင်လူပြည်သူများ သေကျေပျက်စီး၊ ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

ABSDFနှင့် အပေါင်းအပါ အကြမ်းဖက်အဖျက်သမားများ၏ မိစ္ဆာဒိဋ္ဌိလုပ်ရပ်ကြောင့် ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူငါးဦး သေဆုံးခဲ့ပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းအကြမ်းဖက်အဖျက်လုပ်ရပ်အပြင် ABSDFအဖွဲ့ ဆက်တိုက်ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များ အများအပြားရှိနေသည်ကို သတင်းမှတ်တမ်းများအရ အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် သံခဲဦးစီးသော ABSDFအကြမ်းဖက်အဖျက်သမားအဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာသင့်ကြောင်း ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ကိုယ်စား တင်ပြလိုက်ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ စာချုပ်များကို လေးစားလိုက်နာရုံမက တာဝန်များကိုလည်း လေးလေးစားစား လိုက်နာဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက်နေမှုအပေါ် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်က **“အချို့ပြည်ပနိုင်ငံနှင့် သတင်းဌာနများအနေဖြင့် ဝေဖန်ပြောဆိုမှုများ၊ အထင်လွဲမှားမှုများရှိနေပါကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်ရန် ကြိုးပမ်းမှုများအတွက် ကူညီသင့်ပါကြောင်း”**ဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သော ပြည်သူများက မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ရပ်ရွာဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာတိုင်းရင်းသားတို့၏ အများအကျိုးသယ်ပိုးဆောင်ရွက်ခြင်း၊ စုပေါင်းဆောင်ရွက်ခြင်း၊ အနစ်နာခံခြင်း၊ မေတ္တာကရုဏာရှေ့တန်းတင်ခြင်း၊ ကူညီရိုင်းပင်းလိုစိတ်ရှိခြင်း၊ အလှူဒါနလက်နှင့်မကွာရှိခြင်း စသည့်စိတ်ကောင်း၊ နှလုံးကောင်းအခြေခံများသည် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကုသိုလ်ရေးအတွက် လုပ်အားဒါနပေးလှူမှု စသည့်မြန်မာ့ရိုးရာဓလေ့စရိုက် အစဉ်အလာများပင်ဖြစ်ကြောင်း။

အနောက်တိုင်း၏ ယဉ်ကျေးမှု ဓလေ့စရိုက်များဖြင့် နှိုင်းယှဉ်ကြည့်လျှင် သဘောပေါက် နားလည်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း၊ အရှေ့နှင့်အနောက် ယဉ်ကျေးမှုဓလေ့တန်ဖိုးထားမှု မတူညီခြင်းကို အလေးထားမှုမပြုဘဲ မြန်မာနိုင်ငံအပေါ် လွဲမှားစွာ စွပ်စွဲဖိအားပေးပိတ်ပင်နေခဲ့ခြင်းသည် မြန်မာတိုင်းရင်းသားတို့ကို ထိခိုက်နစ်နာစေသည့်အပြင် မြန်မာအမျိုးသမီးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံကိုပါ ထိခိုက်ဆုံးရှုံး စေလျက်ရှိကြောင်း။

ထို့ကြောင့် အနောက်အင်အားကြီးနိုင်ငံ အချို့အနေဖြင့် မြန်မာနိုင်ငံအပေါ် ရှုမြင်ရာ၌–

- **အရှေ့နှင့်အနောက် နိုင်ငံများ၏ မတူညီသည့် ယဉ်ကျေးမှုနှင့် မတူညီသည့် ဓလေ့ထုံးစံများ ကွာခြားမှုကို ထည့်သွင်းစဉ်းစားရန်၊**
- **သတင်းအခြေအမြစ်များ၏ နောက်ခံအခြေအနေနှင့် ယုံကြည်စိတ်ချရမှုကို စိစစ်ရန်၊**
- **စီးပွားရေးဖွံ့ဖြိုးမှု ကွာဟချက်များကို ထည့်သွင်းစဉ်းစားရန်၊**
- **အပြစ်မဲ့ပြည်သူများအား ထိခိုက်နစ်နာစေရန် အကြောင်းမဲ့ သတ်မှတ်သော ပိတ်ပင်တားဆီးမှုသည် လူ့အခွင့်အရေး ချိုးဖောက်မှုသာဖြစ်သည်ကိုသတိမူရန်**

လိုအပ်လျက်ရှိနေကြောင်းကို ဤနေရာမှနေ၍ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ကိုယ်စား အသိပေးပြောကြားလိုက်ပါကြောင်း။

အခြေခံ သဘောသဘာဝ မတူညီသည့် ကိစ္စအဝဝကို နိုင်ငံရေးနှင့်ဆက်စပ်ပြီး နိုင်ငံရေးအရ ဖိအားပေးမှုပြုနေခြင်းသည် မမှန်ကန်သည့်လုပ်ရပ်၊ တရားမမျှတသည့် လုပ်ရပ်၊ မြန်မာနိုင်ငံသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ယုံကြည်ချက်များကို ထိပါးနှောင့်ယှက်နေသည့် လုပ်ရပ်များဖြစ်သည့်အပြင် အေးချမ်းစွာနေလိုသည့် မြန်မာ့လူနေမှု စရိုက်လက္ခဏာများကို ထိပါးစေသော လုပ်ရပ်များဖြစ်၍ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက လုံးဝဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ပြောကြားလိုက်ပါကြောင်း။

အမျိုးသမီးထုတစ်ရပ်လုံးအနေဖြင့် ပြင်ပပယောဂကို နားမယောင်ကြရန်၊ လွဲမှားသော အယူအဆများဖြင့် မဟုတ်မမှန်လုပ်ကြံထားသည့် သတင်းများကို မယုံကြရန်နှင့် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိမည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် စွမ်းဆောင်ရည် မြင့်မြင့်မားမားဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြပါစို့ဟု ဆန္ဒပြုအပ်ပါကြောင်း ပြောကြားသည်။

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးမိုး မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးမိုးက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများနေ့ဖြစ်သည့် ယနေ့သည် မြန်မာနိုင်ငံ၏ သမိုင်းမှာသာမက မြန်မာအမျိုးသမီးထုကြီးအတွက်ပါ အထူးမွန်မြတ်သော နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ နိုင်ငံတော်က မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင်အင်အားစုအဖြစ် ဖြစ်ပေါ်လာရေးကို ဦးတည်ပျိုးထောင်အားပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးဦးရေ ၂၇သန်းကို ကိုယ်စားပြုလျက် အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၊ မိမိလူမျိုးကောင်းစားရေး၊ တိုးတက်ရေးကို လျစ်လျူရှုပြီး အမျိုးစောင့်တရား ကင်းမဲ့ကြသည့် ပြည်ပသြဇာခံ အဖျက်သမားများ၏ အန္တရာယ်ကို ချေမှုန်းတိုက်ဖျက်ရေးသည် နိုင်ငံတော်အတွက် အဓိကကျသော အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ကြောင်း တင်ပြလိုကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်တွင် ပါဝင်သည့် မြန်မာအမျိုးသမီးထုကြီး၏ ထူးခြားကောင်းမြတ်သော သမိုင်းအစဉ်အလာများကို ဂုဏ်ပြုသုံးသပ်တင်ပြလိုကြောင်း၊ မြန်မာ့သမိုင်းကြောင်းတွင် ပေါ်ထွန်းခဲ့သည့် အမျိုးသမီးများ၏ ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် မြန်မာမှုနယ်ပယ်၌ မှတ်သားနာယူဖွယ်ကောင်းသည့် မိန်းမတို့ဣန္ဒြေ ရွှေပေး၍မရဟူသော ဆိုရိုးစကားနှင့်အညီ မြန်မာအမျိုးသမီးများသည် အစဉ်အလာအားဖြင့် မပျက်မကွက်ထိန်းသိမ်းလာသည့် ဂုဏ်ရည် သုံးရပ်ရှိကြောင်း။

ယင်းတို့မှာ (၁)ကာယိန္ဒြေ (၂)အကျင့်စာရိတ္တနှင့် (၃)အရည်အချင်းတို့ဖြစ်ကြောင်း၊ သားသမီးဝတ္တရားငါးပါးတွင်လည်း စောင့်လေ့မျိုးနွယ်ဟူ၍ မိမိအမျိုးအနွယ်ကို စောင့်ထိန်းရန် အတိအလင်းပါရှိကြောင်း၊ မြန်မာအမျိုးသမီးများသည် မိမိအိမ်ထောင်စုအပေါ် ရာသက်ပန် ရိုးမြေကျသစ္စာစောင့်သိသူများအဖြစ် ရေးဘိုးဘေးဘီဘင် လက်ထက်မှစပြီး ယနေ့ထက်တိုင် မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နေထိုင်လာခဲ့ကြကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည့်တာဝန်မှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ပင်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားသည့် ဝံသာနုရက္ခိတ တရားသည် ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အသက်ဝိညာဉ်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ချစ်မြတ်နိုးပြီး သစ္စာစောင့်သိ ရှိသေသည့်အပြင် အမျိုးအနွယ်ကို စောင့်ရှောက်သော ဝံသာနုရက္ခိတတရားကို လက်ကိုင်ထားသူများကို နိုင်ငံ့သားကောင်း၊ သမီးကောင်းများအဖြစ် သတ်မှတ်ကြရမှာဖြစ်ကြောင်း”**မိန့်ကြားခဲ့ပါကြောင်း။

မိဘမျိုးနွယ်ကို သမိုင်းတင်အောင် စောင့်ရှောက်ထိန်းသိမ်းခဲ့သည့် ရွှေအိမ်စည်မင်းသမီး၏ စောင့်လေမျိုးနွယ် သီလဂုဏ်၊ စာဂဂုဏ်သည်လည်း မြန်မာအမျိုးသမီးများ၏ ဂုဏ်ကိုဆောင်ခဲ့ကြောင်း၊ ဤသာဓကအရ မြန်မာအမျိုးသမီးများသည် မိမိတို့၏ အမျိုးအနွယ်ကို စောင့်ထိန်းရမည့် အမျိုးစောင့်တရားကို အစဉ်အမြဲ မမေ့မလျော့သော သတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ကြောင်း။

ဝံသာနုရက္ခိတတရား လက်ကိုင်ထားသည့် မြန်မာအမျိုးသမီးများသည် သမိုင်းအစဉ်အလာအရ သတ္တိဗျတ္တိနှင့် ပြည့်စုံသူများဖြစ်ခဲ့ပြီး ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် တာဝန်ကျရာအခန်းကဏ္ဍက ထက်ထက်မြက်မြက် ပါဝင်ဆောင်ရွက်လျက်ရှိနေကြကြောင်း။

ယင်းသို့သော အခြေအနေတွင် အဖျက်သဘောဆောင်သော အလေးအနက်သတိထားရမည့် ဖြစ်စဉ်အချို့ကို သုံးသပ်တင်ပြလိုကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးနှင့် ဒို့တာဝန်အရေး(၃)ပါးကို ထိခိုက်ဆုံးရှုံးစေလိုသည့် အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံကို ရည်ရွယ်ချက်အမျိုးမျိုး၊ နည်းလမ်းပေါင်းစုံဖြင့် ချုပ်ကိုင်ခြယ်လှယ်နိုင်ရန်အတွက် အဖျက်သမားများကို ထောက်ပံ့မြှောက်ပင့်ခြယ်လှယ်လျက်ရှိနေသည်ကို အထင်အရှား တွေ့ကြရမှာဖြစ်ကြောင်း။

အထူးသဖြင့် NLD ဒေါ်စုကြည်သည် ၁၉၉၉ခုနှစ် (၅၅)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးညီလာခံသို့ ကြေညာချက်တစ်စောင်ပေးပို့ပြီး တပ်မတော်အစိုးရအား အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက အရေးယူမှုပြုလုပ်ပေးရန်နှင့် ပြောနေရုံမကဘဲ ထိရောက်သည့်အရေးယူမှု လုပ်ဆောင်ပေးရန် ပြည်ပ၏ဖိအားပေးမှုကို လက်ရပ်ခေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် ဗိုလ်ကျစိုးမိုး ခြယ်လှယ်လိုသည့် မြန်မာနိုင်ငံ၌ ၎င်းတို့သြဇာခံ လက်ဝေခံအစိုးရတင်မြှောက်လိုကြသည့် နယ်ချဲ့လက်သစ် ဝါဒီများက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို လက်ရဲဇက်ရဲဝင်ရောက်စွက်ဖက်လာကြခြင်းဖြစ်ကြောင်း။

ဒေါ်စုကြည်နှင့် နောက်လိုက်များက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများမလုပ်ကြရန်၊ အာဆီယံက မြန်မာနိုင်ငံကို

စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪

အရှေ့နှင့်အနောက် ယဉ်ကျေးမှုဓလေ့ တန်ဖိုးထားမှု မတူညီခြင်းကို အလေးထားမှုမပြုဘဲ မြန်မာနိုင်ငံအပေါ် လွဲမှားစွာ စွပ်စွဲဖိအားပေး ပိတ်ပင်နေခဲ့ခြင်းသည် မြန်မာတိုင်းရင်းသား တို့ကိုထိခိုက်နစ်နာစေသည့်အပြင် မြန်မာအမျိုးသမီးများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံကိုပါ ထိခိုက်ဆုံးရှုံး စေလျက်ရှိ။

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှု အစဉ်သတိပြု

➪ စာမျက်နှာ ၅ မှ

အဖွဲ့ဝင်အဖြစ် လက်မခံရန်၊ ၁၉၉၆ မြန်မာ့ခရီးသွားနှစ်တွင် ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသားများ မလာကြရန်၊ ဥရောပသမဂ္ဂအဖွဲ့ကပိတ်ဆို့မှုများ တစိုက်မတ်မတ် လုပ်ပေးရန်၊ ကမ္ဘာ့နိုင်ငံအသီးသီးက ဝိုင်းဝန်းပိတ်ဆို့ကြရန် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုမပြုရန်၊ ရင်းနှီးမြှုပ်နှံထားပြီးပါက ပြန်လည်ရုပ်သိမ်းကြရန်၊ အကူအညီ အထောက်အပံ့များမပေးရန်၊ စီးပွားရေးပိတ်ဆို့မှုပြုရန် စသည့်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်း တောင်းဆိုခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံကို ကုလသမဂ္ဂမှ ထုတ်ပယ်ပစ်ရန်၊ ကမ္ဘာ့အလုပ်သမားအဖွဲ့က ထုတ်ပယ်ပစ်ရန်၊ အာဆီယံဝင်ခွင့်မပြုရန်တို့ကိုလည်း တိုက်တွန်းလှုံ့ဆော်ခဲ့ကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အဓိကကျသည့် အမျိုးသားညီလာခံကြီး ကျင်းပနေစဉ်မှာလည်း NLD မှ ညီလာခံကိုယ်စားလှယ်များသည် ပုဂ္ဂိုလ်တစ်ဦး၏အမိန့်ဖြင့် ညီလာခံကို တက်ရောက်ခြင်းမပြုဘဲ ဆန့်ကျင်ကျောခိုင်းခဲ့ကြကြောင်း၊ ၎င်းတို့၏ရည်ရွယ်ချက်သည် အမျိုးသားညီလာခံ၏ ရရှိပြီးဖြစ်သည့် အောင်မြင်မှုများ ပျက်ပြားစေရန်နှင့် အမျိုးသားညီလာခံကြီး ပျက်ပြားစေရန်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးထုကြီး၏ သမိုင်းဖြစ်စဉ်နှင့် ပြန်လည်နှိုင်းယှဉ် လေ့လာသုံးသပ်မည်ဆိုလျှင် ဒေါ်စုကြည်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဟန့်တားနေသူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး အခြေခံအုတ်မြစ်ကို ဖျက်ဆီးနေသူဖြစ်သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် ဝေဖန်သုံးသပ်လျှင်လည်း မြန်မာစစ်စစ် မိကောင်းဖခင်သားသမီးဖြစ်သော်လည်း မျိုးနွယ်ကို မစောင့်ထိန်းဘဲ နိုင်ငံခြားသားကို လက်ထပ်ခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ ကင်းကွာခဲ့သူလည်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက သဘောထားကြီးကြီးထားပြီး နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေအရ နေအိမ်၌ တားဆီးမိန့် ထုတ်ပြန်ထားချက်ကို ၁၉၉၅ခုနှစ် ဇူလိုင်လတွင် ရုပ်သိမ်းပေးလိုက်သည့်အခါ နိုင်ငံတော်အစိုးရအနေဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းနှင့် အလုံးစုံ ပျက်သုဉ်းခြင်း လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးရမှာဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို မကြိုက်ကြောင်း ပြောကြားခဲ့ကြောင်း၊ ၂၀၀၂ခုနှစ် မေလတွင် ၎င်းအား နေအိမ်ပြင်ပသို့ လွတ်လွတ်လပ်လပ် သွားလာခွင့်ပြုလိုက်သည့်အခါ၌လည်း ၂၀၀၂ခုနှစ် ဇွန်လမှစပြီး ပြည်နယ်၊တိုင်းများနှင့်မြို့နယ်များကို သွားရောက်ခဲ့ကြောင်း၊ ယင်းခရီးစဉ်များအတွင်း နိုင်ငံတော်အစိုးရအား အပြစ်ဖို့ခြင်း၊ မြို့နယ်များ၌ ပါတီဆိုင်းဘုတ်တင်ခြင်း၊လူစုလူဝေးဖြစ်အောင် ဖန်တီးခြင်း စသည့် ဥပဒေနှင့်မညီသည့် လုပ်ရပ်များကြောင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု အခြေအနေများကို ပျက်ပြားထိခိုက်စေခဲ့ကြောင်း၊ ဒေါ်စုကြည်ကို တားဆီးမိန့်ရုပ်သိမ်းပေးသည့်အခါတိုင်း နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုကို အနှောင့်အယှက်ပြုခဲ့ကြောင်း၊ အေးချမ်းတည်ငြိမ်မှု ပျက်ပြားခဲ့သည်နှင့်အမျှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်ကို သုံးသပ်တွေ့ရှိကြရမှာဖြစ်ကြောင်း။

အလားတူ ဒေါ်စုကြည်၏အစ်ကို တစ်ဝမ်းကွဲဖြစ်သူ ပြည်ပြေးစိန်ဝင်းကလည်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအမည်ခံထားသည့် NCGUB အဖွဲ့ကိုဦးစီးပြီး အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များဖြင့် နိုင်ငံနှင့်ပြည်သူကို နှောင့်ယှက်ဖျက်ဆီးနေကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကိုကြည့်လျှင် ပြည်ပရောက် NCGUB ပြည်ပြေးစိန်ဝင်းနှင့် ပြည်သစ်ညွန့်ဝေတို့က အနောက်နိုင်ငံသားအချို့နှင့် ပူးပေါင်းပြီး စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို ထင်ရှားစွာ တွေ့ရသည့်အတွက် ပြည်ပအားကိုး ပြည်ပြေးစိန်ဝင်း၏ NCGUB အဖွဲ့နှင့် အခြားဆက်စပ်သော အဖွဲ့အစည်းများအားလုံးကို မတရားအသင်းအဖြစ် ကြေညာသင့်ပါကြောင်း မြန်မာအမျိုးသမီးများနေ့တွင် မြန်မာအမျိုးသမီးထုကိုယ်စား တင်ပြလိုက်ပါကြောင်း။

မိမိတို့၏အမျိုးအနွယ်ကို စောင့်ထိန်းမှု အစဉ်အလာကောင်းများကို သမိုင်းစဉ်တစ်လျှောက်လုံး ဆက်ခံလာသည့် မြန်မာအမျိုးသမီးများ နယ်ချဲ့တို့၏ ကျွန်ဇာတ်သွင်းမှုနှင့် အနောက်တိုင်း ယဉ်ကျေးမှုသွတ်သွင်းခြင်းကို ကြံ့ကြံ့ခံတွန်းလှန်ခဲ့ကြသော မြန်မာအမျိုးသမီးများသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကို အစဉ်သတိပြုပြီး ၎င်းတို့၏ ပရိယာယ်ထောင်ချောက်အတွင်း မသက်ဆင်းမိစေရန်အတွက် ဝံသာနုရက္ခိတတရား လက်ကိုင်ထားပြီး ခိုင်မာစုစည်း ညီညွတ်သောအင်အားဖြင့် တားဆီးတွန်းလှန်သွားကြမှာဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများအားလုံးက သူ့ကျွန်မခံ မြန်မာအမျိုးသမီးများ၏ ဇာတိမာန်အမွေ ကို လက်ဆင့်ကမ်းရယူပြီး နယ်ချဲ့၏ အခြွေအရံနိုင်ငံ၊ ဩဇာခံနိုင်ငံဘဝရောက်ရန်၊ ကျွန်ချောက်ကမ်းပါးထဲရောက်ရန် ထောင်ချောက်ဆင် ပရိယာယ်ဖြင့် မြူဆွယ်သိမ်းသွင်းနေကြသော အမျိုးသားသစ္စာဖောက်များနှင့် ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲလျက် ဆန့်ကျင်ရှုတ်ချလျက်ရှိကြောင်းနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မိုးသူဇာက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် နှစ်ပေါင်းထောင်ချီပြီး ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေး မျှမျှတတ ရရှိခံစားခဲ့ကြရုံမက မိမိ မိသားစု၊ မိမိလူမှုအဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့်ရရှိခဲ့ကြခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများသည် ကောင်းမြတ်သော အရည်အသွေးများဖြင့် သမိုင်းစဉ်တစ်လျှောက် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာတိုင်း အမျိုးသားများနှင့် တန်းတူ ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို ဂုဏ်ပြုလျက် မြန်မာအမျိုးသမီးများနေ့ကို နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပနေခြင်းဖြစ်ကြောင်း။

မြန်မာအမျိုးသမီးထု၏ ထက်မြက်သည့် စွမ်းဆောင်ရည်ကို အခြေခံပြီး နိုင်ငံနှင့်လူမျိုး၏ သမိုင်းကြောင်း

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မိုးသူဇာ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေအနေ၊ ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် လိုက်လျောညီထွေဖြစ်ထွန်းနေသော အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရအောင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို တိုင်းကျိုးပြည်ဆောင် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုဆိုလျှင် အမျိုးသားစီးပွားရေးကဏ္ဍ၌ ရှေ့တန်းက ပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာကဏ္ဍများ၌ ဦးစီးဆောင်ရွက်နေကြသည့် အမျိုးသမီးပညာရှင်များ၊ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေး အစရှိသော ကဏ္ဍများတွင် အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်စွမ်းဆောင်နေကြသည့် စေတနာရှင်အမျိုးသမီးများ စဉ်ဆက်မပြတ် ပေါ်ထွန်းနေပြီး အမျိုးသမီးများ၏ဘဝကို မြင့်မားလာစေသည့်အပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုလျက်ရှိကြောင်း။

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက မကွေးတိုင်းအတွင်းရှိ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဝံသာနုရက္ခိတတရား လက်ကိုင်ထား ခိုင်မာညီညွတ်သောအင်အားဖြင့် တားဆီးတွန်းလှန်

ယနေ့နိုင်ငံတကာအခြေအနေကိုကြည့်လျှင် ကမ္ဘာ့အင်အားချိန်ခွင်လျှာ ပျက်ပြားသွားမှုနှင့်အတူ အနောက်အင်အားကြီး နိုင်ငံအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးကို ဗြောင်ကျကျ ဝင်ရောက်စွက်ဖက်နေသည့်အတွက် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့မှု၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေးတောင့်တင်းမှုတို့ကို ကိုယ်ပိုင်အမျိုးသားရေးလမ်းကြောင်းအတိုင်း ကြိုးပမ်းကာကွယ် ထူထောင်သွားရမည့်တာဝန်သည် မိမိတို့မြန်မာအမျိုးသမီးများအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ဖြစ်ပါကြောင်း။

အင်အားကြီးနိုင်ငံအချို့က မိမိတို့ မြန်မာနိုင်ငံကို နိုင်ငံတကာအသိုင်းအဝိုင်းတွင် အထီးကျန်ဖြစ်စေရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမရှိစေရန် မည်ကဲ့သို့ ပိတ်ဆို့မှုများလုပ်နေသည်၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတို့ကို ဗန်းပြပြီး မည်ကဲ့သို့ လုပ်ကြံစွပ်စွဲမှုများလုပ်နေသည်ဆိုသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ပြည်ပဩဇာခံ ပြည်ပြေးလက်တစ်ဆုပ်စာနှင့် ပြည်တွင်းရှိ ပုဆိန်ရိုးများ၏ မဟုတ်မမှန် လုပ်ကြံလီဆယ်တိုင်တန်းမှုများအပေါ် အခြေခံပြီး ILO က မြန်မာနိုင်ငံအပေါ် အဓမ္မလုပ်အားပေးခိုင်းစေမှုရှိကြောင်း တစ်ဖက်သတ်စွပ်စွဲမှုများဖြင့် ဖိအားပေးနေမှုများကို ဆွေးနွေးတင်ပြလိုကြောင်း။

မြန်မာနိုင်ငံသည် အလုပ်သမားရေးရာများကို နိုင်ငံတကာနှင့် ပေါင်းစပ်ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) သို့ ၁၉၄၈ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ ထိုအချိန်က ၅၅ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း၊ အဖွဲ့ဝင်ပေါင်း ၁၇၈နိုင်ငံ ရှိလာသည့် ယခုအချိန်တွင် မြန်မာနိုင်ငံသည် ILO ၏ သက်တမ်းရင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ILO၏ ပြဋ္ဌာန်းချက်များအနက် ပြဋ္ဌာန်းချက် ၁၉ ခုကို လက်ခံကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ယင်းအထဲတွင် ၁၉၃၀ပြည့်နှစ် အဓမ္မအလုပ်ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်စဉ်(၂၉) လည်း ပါဝင်ပြီး ဤပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးသည့်ကာလမှစ၍ မြန်မာနိုင်ငံနှင့် ILOတို့အကြားတွင် ပြဿနာကြီးကြီးမားမား တစ်စုံတစ်ရာမရှိခဲ့ကြောင်း၊ သို့ရာတွင် ၁၉၈၈ခုနှစ် တပ်မတော်အစိုးရတက်လာပြီးနောက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် အနောက်အင်အားကြီးနိုင်ငံအချို့က ၎င်းတို့အလိုကျ ကြိုးဆွဲ၍မရနိုင်သည့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးနိုင်ရန် ILO စင်မြင့်ကို အသုံးချလာခဲ့ကြောင်း။

ပြည်ပြေး ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်အမည်ခံ ဖွဲ့စည်းသော FTUB အဖွဲ့သည် ICFTU ၏ လောင်းရိပ်ကို ခိုပြီး ၁၉၉၁ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်း အဓမ္မခိုင်းစေနေသည်ဟု မဟုတ်မမှန် လုပ်ကြံလီဆယ်ပြီး ILO ကို တိုင်ကြားခဲ့ကြောင်း၊ နိုင်ငံတော်ဘက်က ဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း FTUBက အလားတူ လုပ်ဇာတ်များဖြင့် နှစ်စဉ်စွပ်စွဲတိုင်ကြားနေသည့်အတွက် ၁၉၉၆ ခုနှစ်တွင် ILOအဖွဲ့က စုံစမ်းရေးကော်မရှင်တစ်ရပ် တစ်ဖက်သတ် ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း။

ယင်းစုံစမ်းရေး ကော်မရှင်သည် မြန်မာနိုင်ငံအတွင်းမှ သတင်းအချက်အလက်မှန်များကို အခြေမပြုဘဲ နိုင်ငံ၏ နယ်စပ်ဒေသများရှိ နိုင်ငံတော်ကို ဆန့်ကျင်သည့် အဖွဲ့အစည်းများ၊ ဒုက္ခသည်အမည်ခံ သောင်းကျန်းသူများနှင့် ပတ်သက်သော အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ လုပ်ဇာတ်ကို အမှန်တကယ်ဖြစ်သယောင် ပုံဖော်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံ၌ ၎င်းတို့ စွပ်စွဲသကဲ့သို့ လူထုအပေါ် မတရား ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းခြင်း အလျဉ်းမရှိဘဲ ပြည်တွင်းအင်အားကို အခြေခံပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အစိုးရ၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်နေသဖြင့် အောင်မြင်ဖြစ်ထွန်းမှုများကို တိုင်းရင်းသားပြည်သူများ လက်တွေ့ အကျိုးခံစားနေရပြီဖြစ်သည့်အတွက် ILOအဖွဲ့က နိုင်ငံရေးအရ တမင်သက်သက် ဖိအားပေးခြင်းဖြစ်ကြောင်းကို ပြည်သူအားလုံး သဘောပေါက် နားလည်ခဲ့ကြကြောင်း။

မြန်မာတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် မရှိအတူရှိအတူ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသူများဖြစ်ကြောင်း၊ ရပ်ကျိုးရွာကျိုးကို မည်သူ၏ တိုက်တွန်း နှိုးဆော်ချက်မှမပါဘဲ ပင်ကိုဗီဇအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီလေ့ရှိကြောင်း၊ မိမိတို့၏ ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်သစ်ဆောက်၊ ကျီသစ်ဆောက်ရာမှ အစ လယ်ထွန်ပျိုးနုတ် ကောက်စိုက်ရာအလယ်၊ လမ်းဖောက်တံတားဆောက်သည့်အဆုံး တစ်ရွာလုံး၊ တစ်ရပ်လုံး ရပ်ဓလေ့၊ ရွာဓလေ့အဖြစ် စုရုံးပါဝင် လုပ်ဆောင်လေ့ရှိကြကြောင်း။

ရပ်ရေးရွာရေးကိစ္စများ၌လည်း မိမိတို့မြန်မာအမျိုးသမီးများသည် ရိုးရာအစဉ်အလာမပျက် မောင်တစ်ထမ်း မယ်တစ်ရွက် ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို မသိနားမလည်သူများရှေ့မှောက်တွင် ပြည်ပြေး ပြည်သစ်ညွန့်ဝေတစ်ယောက် အကွက်ထောက် ခလောက်ဆန်နေခြင်းသည် မြန်မာတိုင်းရင်းသားတို့၏ ဘာသာရေးယုံကြည်ချက်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ မိမိဆန္ဒအလျောက် လိုလိုလားလား ပါဝင်လုပ်အားပေးခြင်း အစဉ်အလာများကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း။

အနောက်အုပ်စုဆရာကြီးများ၏ သဘောတရားကွဲပြားခြားနားမှုနှင့် ဘောင်ခတ်သတ်မှတ်မှုများကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများတွင် အနုတ်လက္ခဏာဆောင်သော ပေးဆပ်ရခြင်းများရှိလာခဲ့သည်အထိ နိုင်ငံနှင့်လူမျိုးအတွက် ဆုံးရှုံးနေရသည်ကို မြန်မာအမျိုးသမီးတစ်ရပ်လုံးက သိရှိနေကြပါကြောင်း။

ILO ၏ တစ်ဖက်သတ်စွပ်စွဲချက်များအပေါ် နိုင်ငံတော်က ဥပဒေပိုင်း၊ အုပ်ချုပ်ရေးပိုင်းနှင့် စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သော်လည်း ၂၀၀၀ပြည့်နှစ်တွင် ILOသမိုင်း၌ မည်သည့်အဖွဲ့ဝင်နိုင်ငံကိုမျှ အရေးမယူခဲ့ဖူးသည့် ILO ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အပိုဒ်(၃၃)အရ မြန်မာနိုင်ငံအပေါ် အရေးယူချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်၌ ILO အဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်ရန်ဆိုသည့် အချက်တစ်ချက်ပါဝင်ကြောင်း။

ဤအရေးယူခြင်းဆုံးဖြတ်ချက်ကို အကြောင်းပြုပြီး အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ အထည်ချုပ်စက်ရုံများမှ ထုတ်လုပ်သော အဝတ်အထည်များကို ၂၀၀၃ခုနှစ်မှစပြီး တင်သွင်းခွင့်မပြုရန် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

ILO အပေါ် ယုံကြည်ရမှုသည် ရုတ်ခြည်းကျဆင်းလာနေ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းကို ပြန်လည်သုံးသပ်

▲ စာမျက်နှာ ၆ မှ

တားမြစ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံပေါင်း ၁၆၀ခန့် ပိတ်သိမ်းခဲ့ရပြီး စက်ရုံ ၄၀ခန့်မှာ အလုပ်သမားများ လျှော့ပစ်ခဲ့ရကြောင်း၊ စက်ရုံမှ အလုပ်သမားပေါင်း ၈၀၀၀၀ ကျော် အလုပ်လက်မဲ့ဖြစ်ခဲ့သည့်အနက် အမျိုးသမီးအလုပ်သမ ၇၀၀၀၀ ကျော် ပါဝင်ခဲ့သည့်အတွက် အမျိုးသမီးထုကို ပိုမိုထိခိုက်စေခဲ့ကြောင်း၊ အလုပ်လက်မဲ့ဖြစ်ခဲ့ရတဲ့ အမျိုးသမီးများနှင့် ဆက်နွယ်နေသည့် မိသားစုပေါင်း လေးသိန်းကျော်မှာလည်း အတိဒုက္ခရောက်ခဲ့ရပြီး စားဝတ်နေရေး ကသီလင်တဖြစ်ခဲ့ရသည့်အတွက် လူကုန်ကူးမှုအန္တရာယ်နှင့် ကြုံတွေ့ရင်ဆိုင်ခဲ့ရကြောင်း၊ ယင်းသို့ဖြစ်လာခြင်းသည် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများဘဝ လုံခြုံရေးဆိုသည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အဓိကရည်မှန်းချက်အပေါ် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခြင်းအတွက် အမျိုးသမီးထုတစ်ရပ်လုံးက ပြည်ပဖိအားပေးပိတ်ဆို့မှုမှန်သမျှကို ဆန့်ကျင်ရှုတ်ချကြောင်း ပြောကြားလိုက်ပါကြောင်း။

မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝ အဘက်ဘက်မှ ထိခိုက်နစ်နာဆုံးရှုံးအောင် ပြည်ပအားကိုးဖြင့် လုပ်ဆောင်နေသည့် အကြမ်းဖက်သမား ပြည်သစ်ညွန့်ဝေ(ခ) မောင်မောင်ဦးစီးသည့် အကြမ်းဖက်သမားအဖွဲ့၏ အဖျက်လုပ်ရပ်များကို မိမိတို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးက လုံးဝသည်းမခံနိုင်တော့ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် ဒုက္ခပေးနေရုံမက မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို နိမ့်ကျလျော့ပါးလာအောင် လုပ်ဆောင်နေသော ပြည်သစ်ညွန့်ဝေ(ခ) မောင်မောင်ဦးစီးသည့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂ FTUB နှင့် အခြားဆက်စပ်ပတ်သက်နေသော အကြမ်းဖက်အဖျက်သမားအဖွဲ့များကို နိုင်ငံတော်အနေဖြင့် မတရားအသင်းများအဖြစ် ကြေညာသင့်ကြောင်း ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ မြန်မာအမျိုးသမီးများ၏ကိုယ်စား တင်ပြလိုက်ရပါကြောင်း။

ILO သည် အလုပ်သမားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရမည့် အဖွဲ့အစည်းဖြစ်ပြီး အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရမည့်အစား စီးပွားရေးပိတ်ဆို့မှုများကြောင့် မြန်မာနိုင်ငံမှ အလုပ်သမားများ အတိဒုက္ခရောက်နေခြင်းကို မသိကျိုးကျွန် ရေငုံနှုတ်ပိတ် နေခဲ့ကြောင်း၊ ဤသည်ကိုကြည့်မည်ဆိုလျှင် နိုင်ငံရေးအရ ဆက်နွယ်ပြီး တမင်သက်သက် စီးပွားရေးပိတ်ဆို့နေခြင်းသည် လုံးဝတရားမျှတမှုမရှိကြောင်း အားလုံးတွေ့ရှိကြရမှာဖြစ်ကြောင်း။

၎င်းတို့၏ စီးပွားရေးပိတ်ဆို့မှုသည် အခြေခံလူတန်းစားအပေါ် ကျရောက်ပြီး အထူးသဖြင့် အသေးစားစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းကဏ္ဍရှိ မြန်မာအလုပ်သမားအများစုအပေါ် ကျရောက်ခဲ့ကြောင်း၊ ထို့အပြင် မြန်မာအမျိုးသမီးများ၏ အိမ်ထောင်စုအား ထောက်ပံ့ကူညီရန်အတွက် ကောင်းသောအသက်မွေးဝမ်းကျောင်းမှုပြုခြင်းအား အဟန့်အတား ဖြစ်စေခဲ့ကြောင်းကို ILO ၏ အုပ်ချုပ်မှုအဖွဲ့ဝင်များ သိရှိသော်ငြားလည်း မျက်ကွယ်ပြုနေခဲ့ကြောင်း။

၂၀၀၅ ခုနှစ် (၉၃)ကြိမ်မြောက် ILO ညီလာခံ၌လည်း အခမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ်စဉ် (၂၉)နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် ၂၀၀၀ပြည့်နှစ်က ချမှတ်ထားသော အရေးယူမှုကို ပြန်လည်အသက်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ယင်းညီလာခံတွင် မြန်မာနိုင်ငံက ILO နှင့် တိုးတက်ပူးပေါင်းဆောင်ရွက်မှု ဖြစ်ရပ်မှန်များကို တင်ပြခဲ့သော်လည်း ပြည်ပြေးအကြမ်းဖက်သမားများပေးသော မမှန်သတင်းများအပေါ် ဆက်လက်အခြေပြုပြီး မြန်မာနိုင်ငံအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ဆွေးနွေးခဲ့ပြီး အရေးယူမှုကို ညီလာခံမှ အတည်ပြုရန် ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အပြုသဘော တိုးတက်ဆောင်ရွက်မှုများကို ILOအဖွဲ့ဝင် နိုင်ငံအချို့နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ထောက်ခံဆွေးနွေးခဲ့ကြသော်လည်း ယင်းဆွေးနွေးချက်များကို မျက်ကွယ်ပြုလျက် ပြည်ပြေးအကြမ်းဖက်သမားကို ရှေ့တန်းတင်ကိုယ်စားပြုထားသည့် အလုပ်သမားအစုအဖွဲ့ဝင် အချို့အပြင် မြန်မာနိုင်ငံကို ဆန့်ကျင်သည့် အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အလေးထားပြီး တစ်ဖက်သတ် ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်ကြောင်း။

ယင်းတို့၏ ဘက်တော်သား ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်ကိုကြည့်လျှင် အလုပ်သမားရေးရာထက် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီတစ်ခုမှ ပုဂ္ဂိုလ်တစ်ဦးအား ဖော်ညွှန်းခြင်းနှင့် ၎င်းနိုင်ငံရေးပါတီ အာဏာရရှိရေးတို့အတွက် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရန် စီမံဆောင်ရွက်နေသည်မှာ သိသာထင်ရှားလျက်ရှိကြောင်း။

ILOအဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့မှ အစိုးရကိုယ်စားလှယ်များကလည်း ပြဋ္ဌာန်းချက်များ လိုက်နာကျင့်သုံးမှုနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်သည့် စံနှုန်းများသည် ဘက်လိုက်မှုရှိကြောင်း၊ ကော်မတီ၌ နိုင်ငံရေးလွှမ်းမိုးမှုရှိနေကြောင်း၊ ကွန်ဗင်းရှင်းနှင့် မသက်ဆိုင်သော ကိစ္စများကို ဆွေးနွေးပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြောင်း၊ ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားသော ကျွမ်းကျင်သူ ပညာရှင်များအဖွဲ့ကလည်း ဘက်လိုက်ဆောင်ရွက်မှုများရှိကြောင်း၊ နိုင်ငံရေးအဖိနှိပ်ခံ နိုင်ငံငယ်များကို ဆန့်ကျင်သည့် အဖွဲ့အစည်းများ၏ လုပ်ကြံဖန်တီးသည့် မမှန်သတင်းများကို အခြေခံပြီး ဆွေးနွေးနေကြောင်း၊ ထို့ကြောင့် ILO အပေါ် ယုံကြည်ရမှုသည် ရုတ်ခြည်းကျဆင်းလာနေကြောင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းကို ပြန်လည်သုံးသပ်ရန် တောင်းဆိုကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ပြစ်တင်ဝေဖန်နေခြင်းများမှာလည်း တရားမျှတမှု မရှိကြောင်း စသည်တို့ကို မြန်မာနိုင်ငံကဲ့သို့ နိုင်ငံရေးအရ ဖိအားအပေးခံနေရသော အာရှ၊ အာဖရိက၊ ဥရောပနှင့် လက်တင်အမေရိကမှ နိုင်ငံငယ်များမှ အစိုးရကိုယ်စားလှယ်များက ပွင့်ပွင့်လင်းလင်း ပြင်းပြင်းထန်ထန် ဝိုင်းဝန်းထောက်ပြ ဝေဖန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း။

အလုပ်သမားရေးရာ ကိစ္စရပ်များကို မြှင့်တင်ဆောင်ရွက်ပေးနေသည်ဆိုသည့် ILOက မြန်မာနိုင်ငံ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေမည့် အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်နေခြင်းသည် အဖွဲ့၏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်လျက်ရှိကြောင်း၊ ထို့အပြင် ILOက မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို အလေးမထား၊ ဂရုမပြုသည်မှာ ထင်ရှားနေပြီး မြန်မာနိုင်ငံအပေါ် ၂၀၀၀ပြည့်နှစ်က ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပြန်လည်အသက်သွင်းဆောင်ရွက်နေခြင်းသည် တရားမျှတမှု လုံးဝကင်းမဲ့သော တစ်ဖက်သတ်လုပ်ရပ်သာဖြစ်ကြောင်း၊ ယခုကဲ့သို့ လိုလျှင်တစ်မျိုး၊ မလိုလျှင်တစ်မျိုး စံနှုန်းအမျိုးမျိုးကျင့်သုံးနေသည့် ILO မှ တာဝန်ရှိသူ အုပ်ချုပ်မှုအဖွဲ့ဝင်များက ILOအား နိုင်ငံရေးအသုံးချခံ အဖွဲ့အစည်းအဖြစ် ဆက်လက်ဆောင်ရွက်နေမည်ဆိုလျှင် မိမိတို့နိုင်ငံအနေဖြင့် ILOမှ နုတ်ထွက်ရုံမှတစ်ပါးအခြားနည်းလမ်းမရှိကြောင်းကို မြန်မာအမျိုးသမီးထုကြီးကိုယ်စား အလေးအနက် တင်ပြလိုက်ပါကြောင်း။

တစ်မျိုးသားလုံး၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို မိမိနိုင်ငံ၏ ပင်ကိုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ် ဖော်ဆောင်မှုများတွင်လည်းကောင်း မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက နိုးနိုးကြားကြား တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထိပါးအောင် လုပ်ဆောင်လာမှုမှန်သမျှ အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် လက်တွဲပူးပေါင်း တားဆီးဖယ်ရှားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစီအစဉ်ရ မကွေးတိုင်းအတွင်းမှ ထူးချွန်သူ မြန်မာအမျိုးသမီးများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထိုအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ပြီး နံနက် ၁၀နာရီ မိနစ် ၄၀ တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

လေးမျက်နှာမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရ တပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအား အမှူးထား၍ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကို ယင်းကျောင်း၌ ဇူလိုင် ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်။

လှူဒါန်းလိုသော အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများသည် ဥက္ကဋ္ဌ ဦးဘထွေး ဖုန်း-၆၉၉၀၀၃၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမောင် ဖုန်း-၂၂၆၂၆၈၊ ဦးသိန်းအောင်ဇော် ဖုန်း-၃၈၆၈၈၁၊ အတွင်းရေးမှူး ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ ဦးကြီးမြင့် ဖုန်း-၆၅၁၆၉၃ တို့ထံ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထူးခြားရှားပါးသည့် လိပ်ပုတ်သင်ညိုရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ ပြည်သူများလေ့လာကြည့်ရှုနိုင်ရန် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ပြသထား

ရန်ကုန် ဇူလိုင် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့ နမ့်ပလပ်ချောင်းအတွင်းမှ ထူးခြားရှားပါးသည့် လိပ်တစ်ကောင်ကို ဖမ်းဆီးရမိခဲ့ရာ တောင်ကြီးတက္ကသိုလ်မှ သုတေသနပြုစု၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယခုအခါ ပြည်သူများကြည့်ရှုနိုင်ရန် ပြသထားသည်။

အဆိုပါလိပ်ကို တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာန၏ လေ့လာတွေ့ရှိချက်အရ သတ္တဗေဒ အခေါ်အဝေါ်အားဖြင့် လိပ်ပုတ်သင်ညို(ခေါ်) ဖွတ်လိပ်(ခေါ်) လိပ်ကြက်တူရွေးဟု ခေါ်ဝေါ်ပြီး မျိုးသုဉ်းလုနီးပါး သတ္တဝါအမျိုးအစားဖြစ်ကာ အလွန်ရှားပါးကြောင်း သိရသည်။

ယင်းလိပ်သည် မျိုးရင်းတစ်ခုလုံးတွင် တစ်ခုတည်းသော မျိုးစု၊ တစ်ခုတည်းသော မျိုးစိတ်ဖြစ်၍ အလွန်ရှားပါးခြင်း၊ အခွံအတွင်းသို့ ဦးခေါင်းဝင်ရာတွင် လည်ပင်းကို ထောင်လိုက်ပြင်ညီ အင်္ဂလိပ်အက္ခရာ(S)ပုံသဏ္ဌာန်ဖြင့် ကွေးဝင်သွားခြင်း၊ သို့သော် အဆုံးအထိ မဝင်ခြင်း၊ နားထင်ပိုင်း၌ Temporal Opening ပါရှိခြင်း၊ အမြီးသည် အခွံအလျားထက်ရှည်ခြင်း၊ သစ်ပင်တက်နိုင်သည့် တစ်ခုတည်းသော လိပ်မျိုးစိတ်ဖြစ်ခြင်း စသည့် ထူးခြားချက်များ ပါရှိကြောင်းကို တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနက လေ့လာသုတေသန ပြုထားသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နမ့်ပလပ်ချောင်းအတွင်းမှ ထူးခြားရှားပါးသည့် လိပ်ပုတ်သင်ညို(ခ) ဖွတ်လိပ်(ခ) လိပ်ကြက်တူရွေး တစ်ကောင်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားစဉ်။ (သတင်းစဉ်)

အဆိုပါလိပ်၏ပုံသဏ္ဌာန်မှာ ကျောခွံ စိမ်းညိုရောင်၊ ရင်ခွံအဝါရောင်ဖြစ်ပြီး ရင်ခွံနှင့်ကျောခွံကို အရွတ်ဆက်များဖြင့် ကျော၊ ရင်ဘတ်ခွံ (Bridge) ပုံသဏ္ဌာန် ဆက်ပေးထားသည်။

ဦးခေါင်းအထက်ဘက် မျက်နှာပြင်ကို ကြီးမားသော အကြေးခွံများဖြင့် ဖုံးအုပ်ထားသည်။ လည်မျိုပိုင်းတွင် ရှည်မျောမျော အဖုငယ်များ ပါရှိသည်။

အဆိုပါလိပ်သည် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများရှိ ချောင်း၊ မြောင်းများ၌ ပေါက်ဖွားမျိုးပွားပျံ့နှံ့လျက်ရှိပြီး တစ်ကြိမ်လျှင် ဥတစ်လုံးမှ နှစ်လုံးအထိ ဥအုတတ်ကြောင်း သိရသည်။

အရွယ်ရောက်လိပ်၏ ကျောခွံအလျားမှာ ၁၈ ဒသမ၄ စင်တီမီတာရှိသည်။ အစာစားခြင်း အလေ့အထမှာ အသားစားသတ္တဝါမျိုးဖြစ်ပြီး အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်မှ ၃၈ ဒီဂရီစင်တီဂရိတ်တို့တွင် အနေများကာ ရှင်သန်ကြိုက်နှစ်သက်ကြောင်း သိရှိရသည်။

ယခုတွေ့ရှိရသော လိပ်သည် ကျောပြင်အခွံ ၁၈ စင်တီမီတာ၊ ခေါင်းမှအမြီးဖျားအထိ ၃၉ စင်တီမီတာရှိပြီး ခြေသည်း လက်သည်းများ ပါရှိသည်။

အဆိုပါလိပ်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်ပလပ်ချောင်းအတွင်းမှ ၂၀၀၅ခုနှစ်၊ မေလ ၂၆ရက် ညနေ ၄နာရီတွင် ဖမ်းဆီးရမိခဲ့ကာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ တစ်ဆင့် တောင်ကြီးတက္ကသိုလ်သို့ သုတေသနပြုရန် ပေးအပ်ခဲ့ပြီး ဇွန် ၂၉ရက်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ပြည်သူများလေ့လာ ကြည့်ရှုနိုင်ရန်လွှဲပြောင်းလှူဒါန်းခဲ့သည်။ (သတင်းစဉ်)

❖ ပြည်ပမှ

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကရင်ပြည်နယ် ဒေသစည်းရုံးရေးမှူး ဒေါ်သန်းနွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနကြီးမှ အဖွဲ့ဝင် ဒေါ်ဝင်းမြင့်၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်နှင့် မြဝတီခရိုင်တို့မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အမျိုးသမီးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ သူနာပြုဆရာမများ၊ ဘားအံတက္ကသိုလ်၊ ဘားအံအစိုးရ ကွန်ပျူတာကောလိပ်နှင့် ဘားအံအစိုးရနည်းပညာကောလိပ်တို့မှ ဆရာမများနှင့် ကျောင်းသူများ၊ ဘားအံပညာရေးကောလိပ်မှ ဆရာမများနှင့် ကျောင်းသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အမျိုးသမီးများ၊ ဌာနဆိုင်ရာများမှ အမျိုးသမီးဝန်ထမ်းများ၊ ကရင်ပြည်နယ်အတွင်းရှိ ထူးချွန်အမျိုးသမီးများ စုစုပေါင်းအင်အား ၁၃၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာဌာနမှူး ဒေါ်နန်းအေးကြည်၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တာဝန်ခံ ဒေါ်နုနုရီ၊ ဘားအံတက္ကသိုလ် ရက္ခဗေဒဌာန ပါမောက္ခဌာနမှူး ဒေါ်တင်တင်အေးနှင့် ဘားအံပြည်သူ့ဆေးရုံ မီးယပ်သားဖွား အထူးကုဆရာဝန် ဒေါက်တာမာလာဆွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းစန္ဒာဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နော်တကော်အွာတို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် အမျိုးသမီးဂုဏ်ရည် သီချင်းသီဆို၍ ဖွင့်လှစ်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာပြည်တွင်မွေးဖွားပြီး မြန်မာပြည်တွင်ကြီးပြင်းသည့် အမျိုးကိုချစ်မြတ်နိုးတတ်ကြသော မိမိတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး ဂုဏ်ယူဝင့်ကြွားမည့် ထူးခြားလေးနက်သည့် မြန်မာအမျိုးသမီးများနေ့ပင်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၄ဒသမ ၂၉သန်းရှိသည့်အနက် အမျိုးသားဦးရေ ၂၇သန်းရှိပြီး အမျိုးသမီးဦးရေ ၂၇ဒသမ၂၉သန်းရှိနေကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် ထိုကဲ့သို့ လူဦးရေထက်ဝက်ကျော်ရှိနေသည့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အကျိုးအတွက် **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** ဟူသောဆောင်ပုဒ်နှင့်အညီ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ အမျိုးသမီးငယ်/ရွယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည့် ကဏ္ဍ(၈)ရပ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသမီးရေးရာလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာ ၂၀ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် စည်းရုံးရေး၊ စီမံရေးရာ၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ ပြန်ကြားရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဟူသည့် ဌာနကြီးခြောက်ခုနှင့် လုပ်ငန်းအဖွဲ့များအဖြစ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး၊ တိုင်းရင်းသားရေးရာ၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လုပ်ငန်းအဖွဲ့ခြောက်ဖွဲ့ကို ဖွဲ့စည်းပြီး ရည်ရွယ်ချက်(၇)ရပ် ချမှတ်ကာ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိနေကြောင်း။

အသက်(၁၀)နှစ်မှ (၁၈)နှစ်အတွင်း အမျိုးသမီးငယ်များသည် သက်ငယ်အဖွဲ့ဝင်များအဖြစ် ဝင်ရောက်နိုင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ အမျိုးသမီးတိုင်း သက်ကြီးအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ကြောင်း၊ သက်ငယ်အဖွဲ့ဝင်များသည် အသက်(၁၈)နှစ်ပြည့်သွားပါက သက်ကြီးအဖွဲ့ဝင်အဖြစ်သို့ အလိုအလျောက် သတ်မှတ်ခြင်းခံရမည်ဖြစ်ကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းသူ မြန်မာနိုင်ငံသူ အမျိုးသမီးတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ လူဦးရေအကန့်အသတ်မရှိ အမျိုးသမီးရေးရာအဖွဲ့သို့ ဝင်ရောက်ဆောင်ရွက်နိုင်ပါကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်ဆက်တစ်လျှောက်လုံးတွင် အမျိုးဂုဏ်ဆောင်ခဲ့ကြသော မြန်မာအမျိုးသမီးများ၏ ပညာ၊ စာဂ၊ သီလတရားများသည် ပြောမကုန်နိုင်လောက်အောင် ရှိခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ သမိုင်းစဉ်တစ်လျှောက် မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် အဓိကနယ်ပယ်အသီးသီး၌ စွမ်းဆောင်ရည် မြင့်မြင့်မားမားဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် နှစ်ပေါင်း ၁၂၃နှစ်ကျော် သူ့ကျွန်ဘဝ ရောက်ခဲ့ရကြောင်း၊ ဗြိတိသျှနယ်ချဲ့က မြန်မာနိုင်ငံအပေါ် အဓမ္မကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲခဲ့ရာ မြန်မာပြည်ဖွား မိမိတို့ ပြည်ထောင်စုမျိုးချစ် မြန်မာအမျိုးသမီးများက ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာဖြင့် တရားသောစစ်အတွက် အသက်၊ သွေး၊ ချွေးများစတေးပြီး တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ ဗြိတိသျှနယ်ချဲ့ကို မြန်မာတိုင်းရင်းသားတို့က နိုင်ငံရေး၊ စည်းရုံးရေးအရ ဆန့်ကျင်တိုက်ပွဲများ ဆင်နွှဲကြရာတွင်လည်း မြန်မာအမျိုးသမီးများသည် မြန်မာအမျိုးသမီး ကုမ္မာရီအသင်းများ ဖွဲ့စည်းပြီး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများနှင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုများတွင် မြန်မာအမျိုးသမီးတို့၏ ပြတ်သားရဲရင့်သော ဇာတိမာန်များသည် ကမ္ဘာတည်သရွေ့ မော်ကွန်းတင်လျက်ရှိနေကြောင်း။

ယနေ့ခေတ်ကာလတွင်လည်း မြန်မာအမျိုးသမီးများသည် နိုင်ငံတော် ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှနေပြီး စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ပါဝင်ဆောင်ရွက်လျက် ရှိနေကြကြောင်း၊ ပဲခူးတိုင်း၌ ရဲနွယ်တံတားကို မြန်မာအမျိုးသမီး အင်ဂျင်နီယာများက အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်း ပုသိမ်-မြောင်းမြကားလမ်းပေါ်၌ ပမ္မဝတီမြစ်ကူးတံတားကိုလည်း မြန်မာအမျိုးသမီးအင်ဂျင်နီယာများက တည်ဆောက်လျက်ရှိကြောင်း။

သံလွင်တံတား(မော်လမြိုင်)၊ ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း)၊ ဧရာဝတီတံတား(မကွေး) စသည့် မြစ်ကူးတံတားကြီး၊ တံတားငယ်များစွာ တည်ဆောက်ခဲ့ရာတွင်သာမက သဖန်းဆိပ်၊ ပေါင်းလောင်း စသည့် ဆည်၊ တာတမံပေါင်းများစွာ တည်ဆောက်ခဲ့ကြရာတွင်လည်း မြန်မာအမျိုးသမီးအင်ဂျင်နီယာများသည် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အပါအဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းများတွင် မြန်မာအမျိုးသမီးများသည် တက်ကြွစွာဖြင့် ပါဝင်စွမ်းဆောင်လျက်ရှိနေကြကြောင်း။

မိမိတို့နိုင်ငံ၏ သာရေး၊ နာရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့ကိုယ်တိုင် လိုလိုလားလား စုပေါင်းဆောင်ရွက် လုပ်ကိုင်တတ်ကြသည့် မြတ်နိုးဖွယ်ရာ မြန်မာ့ဓလေ့စရိုက်များ ပျက်စီးစေရန်အတွက် ပြည်ပမှ အဓမ္မစွပ်စွဲပြီး ဖိအားတွေ မည်မျှပင်ပေးကြပါစေ၊ ပိတ်ဆို့မှုများ မည်မျှပင်ပြုလုပ်ကြပါစေ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်စကားနှင့်အညီ မိမိတို့ မြန်မာတိုင်းရင်းသားများသည် ကိုယ့်အားကိုယ်ကိုးပြီး ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ရင်ဆိုင်ကျော်လွှားသွားကြမည်သာ ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ထက်မြက်သည့်စွမ်းပကား၊ နိုးကြားသော အသိ၊ ထားရှိသည့် ဝံသာနုရက္ခိတတရားတို့ဖြင့် ပေါင်းစည်းထားသည့် စွမ်းပကားကို ဂုဏ်ပြုပြီး ဇူလိုင်လ ၃ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဟု သတ်မှတ်ခဲ့ခြင်းသည် သင့်လျော်မှန်မြတ်လှကြောင်း၊ မှန်ဝါးဝါးကြယ်တစ်လုံး၏ ဂုဏ်ကို အမွှမ်းတင်ခြင်းမဟုတ်ဘဲ စကြဝဠာကြီးတစ်ခုလုံးကို ကိုယ်စားပြုထားခြင်းနှင့် တူညီနေသည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက အမိနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံကောင်းများကို တာဝန်ကျေပွန်စွာ တည်ဆောက်ပေးထားပြီး ဖြစ်ကြောင်း၊ မိမိတို့ ကရင်ပြည်နယ်တွင် ဆည်မြောင်း၊ လမ်း/တံတားနှင့် တက္ကသိုလ်၊ ကောလိပ်ကြီးများ၊ ဆေးရုံ၊ ဆေးပေးခန်းများကို မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မှမတူအောင် ဖြည့်ဆည်းပေးထားခြင်းသည် အပိုစကားဆိုခြင်းမဟုတ်ဘဲ အလုပ်နှင့် သက်သေပြထားခြင်းဖြစ်၍ မျက်ဝါးထင်ထင်ပင် ဖြစ်ကြောင်း၊ အမိနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအပါအဝင် တစ်မျိုးသားလုံးတွင် တာဝန်ရှိနေကြောင်း၊ ဘိုးဘေးများထားရှိခဲ့သည့် လွတ်လပ်ရေးအမွေအနှစ် မပျောက်ပျက်ရအောင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ အမျိုးအနွယ်ကို စောင့်ထိန်းကြမှသာ မွေခံထိုက်သော သားကောင်း၊ သမီးကောင်းများဟု ခေါ်ဆိုနိုင်မှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် မိမိတို့ မြန်မာမျိုးသမီးထုကြီးတစ်ရပ်လုံးက ခိုင်မာပြတ်သားသည့် ယုံကြည်ချက်များဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြပါ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းဖော်ဆောင်ကြပါ၊ မြန်မာအမျိုးသမီးများ၏ အောင်မြင်တိုးတက်ရေးအတွက် ထက်မြက်သည့် စွမ်းပကားများ ဖော်ထုတ်ပြသကြပါ၊ မြန်မာအမျိုးသမီးများ ပေါင်းစည်းအား ထင်ရှားစွမ်းဆောင်ရည်၊ ဇူလိုင် ၃ရက် လက်ချင်းယှက်

ရေးရာအဖွဲ့ချုပ်သည် လူမှုရေးနှင့် ယဉ်... အဖွဲ့သုံးဖွဲ့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ထို... ကျန်းမာရေးလုပ်ငန်းအဖွဲ့၊ ယဉ်ကျေးမှု... ပညာရေးလုပ်ငန်းအဖွဲ့အနေဖြင့် ကျော... အခြေခံမူလတန်းပညာ ပြီးမြောက်အော... အမျိုးမျိုးကြောင့် ပညာဆက်လက်မသင်... အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနို... လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေး...

ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲကလည်... ရှောက်ခြင်းနှင့် မိခင်နှင့်ကလေးများကို ... ဆိုင်ရာ ပညာပေးရေးကိစ္စများတွင် ပါဝင်...

ပြည်ထောင်စုပြိုကွဲမည့်ကိစ္စ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမည့်...
ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ဆီသို့ ပင်ကိုစွမ်းအား...

မိမိတို့မြန်မာအမျိုးသမီးများအနေဖြင့် ခေတ်အဆက်ဆက်တွင် နေရာပေး အလေးထားခံရမှု၊ ကြင်နာစွာ ဖေးမရိုင်းပင်းစောင့်ရှောက်ခံရမှုများ ထူးထူးခြားခြား ရရှိနေပြီဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတကာနယ်ပယ်တွင် လူမျိုး၊ ဘာသာ၊ အသားအရောင်နှင့် လိင်ကွဲပြားမှုများအရ အမျိုးသမီးများကို နှိမ့်ချခွဲခြားဆက်ဆံခြင်းများ ရှိနေကြကြောင်း၊ အဆင့်အတန်းခွဲခြားမှုများကြောင့် ကမ္ဘာ့အမျိုးသမီးထုကြီးတစ်ရပ်လုံးက ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်းဟူသော လူမှုအခွင့်အရေးများကို အမျိုးသားများနှင့်တန်းတူရပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေကြသည်ကိုလည်း တွေ့နေရကြောင်း။

အချို့နိုင်ငံများတွင် အမျိုးသမီးများ အိမ်ထောင်ပြုသွားလျှင် ခင်ပွန်းနာမည်တပ်ခေါ်ရသကဲ့သို့ မည်ကာမတ္တ Lady First ဆိုပြီး အမျိုးသမီးများကို ဦးစားပေး နေရာထားသည်ဆိုသော်လည်း ရင်ထဲမှ အကြင်နာမေတ္တာများ ပါခြင်းမတွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသမီးများကို ဦးစားပေးခဲ့ကြ၍လည်း ပြောဆိုသုံးနှုန်းသည်ကအစ **"အမိ၊ အဘ"၊ "မိခင်၊ ဖခင်"** စသည်ဖြင့် ဦးစားပေးသုံးနှုန်းခဲ့ကြသကဲ့သို့၊ အာမေဋိတ်စကားနှင့် အမှတ်မဲ့ ရွတ်ဆိုမိသည်ကိုပင်မှ **"အမလေး"** ဟု ရွတ်ဆိုခဲ့ကြခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာအမျိုးသမီးများအနေဖြင့် ၎င်းတို့ကဲ့သို့ ရပိုင်ခွင့်များအတွက် တောင်းဆိုစရာမလိုအပ်ဘဲ မွေးရာပါရရှိပြီးဖြစ်သည့် မူလအခွင့်အရေးများသာဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့်စပ်လျဉ်းပြီး လမ်းညွှန်မိန့်ကြားရာတွင် **"နိုင်ငံတော်အစိုးရ ကြိုးပမ်းတည်ဆောက်ပေးနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အကောင်အထည်ပေါ်အောင်၊ ခိုင်မြဲလာအောင် အမျိုးသမီးထုကြီးက ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားရန်၊ အမျိုးသမီးအခွင့်အရေး၊ လူမှုရေးအခွင့်အရေးတို့ကို အသုံးချပြီး အမျိုးသမီးငယ်များကို လမ်းမှားသို့ တွန်းပို့နေသည့် နယ်ချဲ့အလိုတော်ရိတို့၏ လှုံ့ဆော်ဖန်တီးမှုကို ဆန့်ကျင်တိုက်ဖျက်သွားရန်၊ မြန်မာအမျိုးသမီးများ၏ နူးညံ့ယဉ်ကျေးသည့် ဓလေ့စရိုက်၊ နက်ရှိုင်းတည်ငြိမ်သည့် အမူအကျင့်၊ နက်နဲသိမ်မွေ့သည့် အတွေးအခေါ် အယူအဆ၊ အထိန်းအကွပ်ဖြင့် ဖြစ်ထွန်းလျက်ရှိသည့် အခွင့်အလမ်းများ ပုံမှန်ရှင်သန်လာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန်"** လမ်းညွှန်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခြေခံရပ်တည်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အမျိုးသမီးကဏ္ဍမှ အင်အားတစ်ရပ်အဖြစ် ပါဝင်ထမ်းဆောင်ရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အင်အားထက်ဝက်ကျော်မျှရှိသော အမျိုးသမီးများအင်အားကို အခြေခံပြီး မှန်ကန်သော အမျိုးသားရေးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆင့်ဆင့်သည် အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့် အတူတကွ ပူးပေါင်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ အမျိုးသမီးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

သမိုင်းစဉ်ဆက် ထက်မြက်နိုးကြား မြန်မာအမျိုးသမီးများ၏ တစ်ဦးချင်း ဂုဏ်ရည်များကို မှတ်တမ်းတင်ကြရမည်ဆိုလျှင် သမုဒ္ဒရာ၏အနက်ကို ကျူရိုးဖြင့် တိုင်းသကဲ့သို့ပင် ရှိမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသည့် စကားနှင့်အညီ အိမ်ထောင်တာဝန်များမှသည် နိုင်ငံတော်တာဝန်များအထိ မိမိတို့နှင့် သင့်ရာသင့်ရာများကို ထမ်းဆောင်ခွင့်များ ရရှိခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း မပျက်ကမ္ဘာတည်စေရေးအတွက် အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ကရင် ပြည်နယ် အမျိုးသမီး ရေးရာ အဖွဲ့ဝင် ဘားအံ တက္ကသိုလ် မြန်မာ စာဌာနမှ နည်းပြ ဒေါ်နန်းသူဇာသိန်း ထူးက မြန်မာအမျိုး သမီးများနေ့ ဂုဏ်ပြု စကား ပြောကြား စဉ်။

(သတင်းစဉ်)

ဆက်လက်၍ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဘားအံတက္ကသိုလ် မြန်မာစာဌာနမှ နည်းပြ ဒေါ်နန်းသူဇာသိန်းထူးက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီး...

သမီးများ မြန်မာ့ယဉ်ကျေးမှုမပျောက်ပျက်... ဟောပြောပွဲများ၊ သရုပ်ပြပွဲများနှင့် ဗီဒီယို... သတင်း၊ ဆောင်းပါးများကို ဟောပြောပြ... ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိ...

ဆက်လက်ပြီး မိမိတို့ မြန်မာအမျိုး... သည့် ဂုဏ်ဒြပ်တစ်ရပ်ကို တင်ပြလိုကြော... ဘဝတွင် အရေးအကြီးဆုံးဖြစ်သည့် အိမ်... မိမိတို့စိတ်တိုင်းကျ ရွေးချယ်ပိုင်ခွင့်ရှိကြ... မထေမဲ့ကင်း၊ အပ်နှင့်ဥစ္စာ၊ မိစ္ဆာမမှား၊ ဝ... ခင်ပွန်းဝတ္တရားငါးပါးနှင့်အညီ ဇနီးသည်မှ... အရာ ထားခဲ့ကြကြောင်း၊ ဇနီးသည်များက... သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်... ငါးပါးနှင့်အညီ ကျင့်ကြံနေထိုင်ကြကြော... အိမ်ထောင်ရေးသည် မေတ္တာတရားအ... ဖြစ်သည့်အတွက်လည်း အလွန်ချမ်းမြေ့... မယားကွာဆိုသည်မှာလည်း အလွန်နည်း...

မြန်မာ့လူနေမှုစနစ်နှင့် မြန်မာတို့... အမျိုးသမီးများ၏ အခွင့်အရေးများ အပြ... အမွေဆက်ခံပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်... ပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်အဆုံး အမျိုးသ...

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံအရေး ကိုယ်တိုင်မျှော်...
သာယာသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နေချိန်တ...
အတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်နေသယောင်၊ ...
ချိုးဖောက်နေသယောင်၊ လူကုန်ကူးမှုများ ရှိနေသ...
သူငယ်များ စစ်မှုထမ်းခိုင်းနေသယောင်၊ အမျိုးသားညီလာ...
ဆွဲဆောင်ရွက်နေသယောင် စွပ်စွဲချက်အမျိုးမျိုးဖြင့် အ...
တချို့က တစ်ဖက်စောင်းနင်း ပြောဆိုနေခြင်းများသည် ...
လုပ်ကြံပုတ်ခတ်သည့် လုပ်ဇာတ်များသာဖြစ်နေသည့်...
အမျိုးသမီးထု တစ်ရပ်လုံးက လုံးဝလက်မခံ။

ရေးရာအဖွဲ့ချုပ်သည် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့သုံးဖွဲ့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ထိုအဖွဲ့များမှာ ပညာရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့များပင် ဖြစ်ကြောင်း၊ ပညာရေးလုပ်ငန်းအဖွဲ့အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး အခြေခံမူလတန်းပညာ ပြီးမြောက်အောင် သင်ကြားနိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်မသင်ကြားနိုင်သည့် အမျိုးသမီးများကို အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနိုင်ရေးနှင့် စာမတတ်မှုပပျောက်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲကလည်း သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်းနှင့် မိခင်နှင့်ကလေးများကို အာဟာရဆိုင်ရာ၊ ကူးစက်မှုရောဂါဆိုင်ရာ ပညာပေးရေးကိစ္စများတွင် ပါဝင်ကူညီလျက်ရှိကြောင်း၊ မြန်မာအမျိုး

ကြောင်း၊ အမျိုးသမီးများကို အကာအကွယ်ပေးထားသည့် ဓလေ့ထုံးတမ်းများနှင့် ဥပဒေများလည်း အပြည့်အဝရှိပြီးဖြစ်၍ အခြားနိုင်ငံများမှာကဲ့သို့ အမျိုးသမီးအခွင့်အရေးများကို တောင်းယူရန်မလိုအပ်ကြောင်းကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်သည့်အတွက် အနောက်နိုင်ငံအချို့က မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်လိုကြကြောင်း၊ ထို့ကြောင့် ကိုလိုနီခေတ်ကတည်းက ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင် စနစ်တကျ စီမံသွေးခွဲအုပ်ချုပ်ခဲ့ကြကြောင်း၊ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ် (Divide and Rule Policy)ကိုသိသော တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး စည်းလုံးညီညွတ်စွာ ကြိုးပမ်းခဲ့သည့်အတွက် လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ပြန်လည်

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပရာ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။
(သတင်းစဉ်)

ထောက်ခံကြောင်း ထုတ်ဖော်ကြေညာပြီးဖြစ်ကြောင်း၊ မိမိတို့ပြည်သူတစ်ရပ်လုံးသည် ပြည်ထောင်စုပြိုကွဲမည့်ကိစ္စ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲမည့်ကိစ္စများကိုဘယ်နည်းနှင့်မျှ လက်ခံမည်မဟုတ်ကြောင်း ပြောကြားလိုက်ကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့၏ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မိမိနိုင်ငံသူ၊နိုင်ငံသားများ၏ ပင်ကိုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းချီတက်သွားကြရမည်ဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒီများ၏ ပိတ်ဆို့ဟန့်တားမှုများနှင့် မည်မျှပင် ကြုံတွေ့စေကာမူ ရည်မှန်းချက်ပန်းတိုင် အောင်မြင်စွာရောက်ရှိရန်အတွက် မိမိတို့အမျိုးသမီးထုကြီးက ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြမည်သာဖြစ်ကြောင်း၊ မိမိနိုင်ငံအပေါ် မတရားစွပ်စွဲမှု ပယောဂများ ရှိနေသော်လည်း နိုင်ငံကောင်းစားရေးအတွက် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ကျရာအခန်းကဏ္ဍကနေပြီး ပါဝင်ထမ်းဆောင်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

...ညီညွတ်မှု ပြိုကွဲမည့်ကိစ္စများကို ဘယ်နည်းနှင့်မျှ လက်မခံ
...သို့ ပင်ကိုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းချီတက်

သမီးများ မြန်မာ့ယဉ်ကျေးမှုမပျောက်ပျက်အောင် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲက ဟောပြောပွဲများ၊ သရုပ်ပြပွဲများနှင့် ဗီဒီယိုဓာတ်လမ်းများ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်း၊ ဆောင်းပါးများကို ဟောပြောပြသဖတ်ရှုစေခြင်း စသည့် ယဉ်ကျေးမှုကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်ပြီး မိမိတို့ မြန်မာအမျိုးသမီးဖြစ်ရခြင်း၏ ထူးခြားမွန်မြတ်သည့် ဂုဏ်ဒြပ်တစ်ရပ်ကို တင်ပြလိုကြောင်း၊ မိမိတို့ မြန်မာအမျိုးသမီးများ၏ ဘဝတွင် အရေးအကြီးဆုံးဖြစ်သည့် အိမ်ထောင်ဖက်ရွေးချယ်ရာတွင်လည်း မိမိတို့စိတ်တိုင်းကျ ရွေးချယ်ပိုင်ခွင့်ရှိကြသကဲ့သို့ ခင်ပွန်းသည်များကလည်း မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိန္တာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်ဆိုသည့် ခင်ပွန်းဝတ္တရားငါးပါးနှင့်အညီ ဇနီးသည်များကို ကြင်နာယုယစွာဖြင့် အိမ်ရှင်မ အရာ ထားခဲ့ကြကြောင်း၊ ဇနီးသည်များကလည်း အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိန္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှုဆိုသည့် မယားဝတ္တရား ငါးပါးနှင့်အညီ ကျင့်ကြံနေထိုင်ကြကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏ အိမ်ထောင်ရေးသည် မေတ္တာတရားအပေါ် အခြေခံတည်ဆောက်ထားခြင်း ဖြစ်သည့်အတွက်လည်း အလွန်ချမ်းမြေ့ပျော်ရွှင်ဖွယ် ဖြစ်သကဲ့သို့ လင်ကွာ၊ မယားကွာဆိုသည်မှာလည်း အလွန်နည်းပါးလှကြောင်း။

မြန်မာ့လူနေမှုစနစ်နှင့် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ အမျိုးသမီးများ၏ အခွင့်အရေးများ အပြည့်အဝ ရရှိခဲ့ကြပြီးဖြစ်ကြောင်း၊ အမွေဆက်ခံပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့်မှသည် ဆန္ဒပေးပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်အဆုံး အမျိုးသားများနည်းတူ အခွင့်အရေးရရှိကြ

...င်အရေး ကိုယ်တိုင်မျှော်တွေးပြီး အေးချမ်း ...တီးဖော်ဆောင်နေချိန်တွင် မြန်မာနိုင်ငံ ...တ်လုပ်နေသယောင်၊ လူ့အခွင့်အရေး ...ကုန်ကူးမှုများ ရှိနေသယောင်၊ ကလေး ...ယောင်၊ အမျိုးသားညီလာခံကြီးကို အချိန် ...စွဲချက်အမျိုးမျိုးဖြင့် အင်အားကြီးနိုင်ငံ ...ပြောဆိုနေခြင်းများသည် ဓမ္မဓိဋ္ဌာန်မကျဘဲ ...တ်များသာဖြစ်နေသည့်အတွက် မြန်မာ ...ုံးဝလက်မခံ။

ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ယုံကြည်ချက်အပြည့်ဖြင့်ခံယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ နေ့မအားညမနား စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သော နယ်စပ်ဒေသများ အထူးသဖြင့် ဝေးလံဒေသများ၏ ဖွံ့ဖြိုးရေး အလေးပေး ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းတည်ထောင် ဆောင်ရွက်စေခဲ့ကြောင်း။

ထို့အပြင် နိုင်ငံတော် အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာနိုင်ရေး လမ်းခင်းပေးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိလာကာ ပြည်သူများနှင့်လက်တွဲပြီး ငြိမ်းချမ်းမှုအရသာကိုခံစားလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ကရင်ပြည်နယ်တွင်လည်း နယ်မြေအေးချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးများနှင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်တိုးတက်လာကြောင်း၊ ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ သံတောင်၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး စသည့် မြို့နယ်ခုနစ်မြို့နယ်ရှိသည့် မိမိတို့ ကရင်ပြည်နယ်သည် ယခုအခါ မည်သည့်မြို့နယ်ကိုမဆို သွားလာရေး လွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကြောင့်လည်း မြို့ပြနှင့် ကျေးလက် ကွာခြားမှုမရှိဘဲ တိုက်တာအဆောက်အဆုံများဖြင့် သာယာလှပနေခြင်းသည် နိုင်ငံတော်၏ စေတနာကြောင့်ပင်ဖြစ်ကြောင်း။

ကရင်ပြည်နယ်တွင် သံလွင်တံတား၊ ဂျိုင်း-ဇာသပြင်တံတား၊ ဂျိုင်း-ကော့ကရိတ်တံတား၊ ဒေါ်လန်းတံတားကြီးများကဲ့သို့ တံတားကြီးများအပြင် တံတားငယ်ပေါင်း မြောက်မြားစွာကိုလည်း နိုင်ငံတော်က ငွေကြေးအမြောက်အမြားအကုန်အကျခံပြီး ဆောက်လုပ်ခဲ့ကြောင်း၊ ယခင်က ဘားအံကောလိပ်တစ်ကျောင်းသာရှိခဲ့ရာမှ ယခုအခါ ကမ္ဘာ့အဆင့်မီ ခံ့ညားထည်ဝါသည့် ဘားအံတက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းဟူ၍ မျက်စိအောက်မှာပင် တစ်ကျောင်းပြီး တစ်ကျောင်း ပေါ်ထွက်လာခြင်းသည် အံ့သြဝမ်းသာစရာကောင်းပြီး အိပ်မက်ပမာဖြစ်ခဲ့ရကြောင်း၊ ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုလည်း မိမိတို့နှင့်အတူ ငြိမ်းချမ်းမှု၏ အသီးအပွင့်များကို အတူတကွ ခံစားကြရအောင်ဟု စေတနာအရင်းခံဖြင့် ဖိတ်ကြားအပ်ပါကြောင်း။

ကိုလိုနီလက်သစ်ဝါဒီ နိုင်ငံကြီးအချို့က မိမိတို့တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို အမြဲသပ်လျှိုသွေးခွဲပြီး သူတို့ကြိုးဆွဲရာကမည့် ပြည်တွင်းသစ္စာဖောက်များ အာဏာရရှိရေးအတွက် ကြံစည်လျက်ရှိနေသည်ကိုလည်း သတိပြုကြရမှာဖြစ်ကြောင်း။

၂၀၀၅ခုနှစ် ဧပြီလ ၁၈ရက်တွင် အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုမှ ပြည်ပြေးစဝ်ခမ်ဖက ဖက်ဒရယ်မှုအရလုပ်ထားသည့် ရှမ်းပြည်နယ် လွတ်လပ်ရေးကြေညာကြောင်း ထုတ်ပြန်ခဲ့သည့်အတွက် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဧပြီလ ၂၀ရက်တွင် ပြည်ပြေးစဝ်ခမ်ဖ၏ အဖျက်လုပ်ရပ်များကို ရှုတ်ချကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဥပဒေအရ အရေးယူဆောင်ရွက်မှုများကို

ကရင်ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့ဝင်ဒေါ်နန်းခင်နုံ့သာစိုး မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့-အဖွဲ့ဝင် ဘားအံ အစိုးရကွန်ပျူတာကောလိပ်မှ ဒေါ်နန်းခင်နုံ့သာစိုးက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိရာတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း၌ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်ဆောင်ရွက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စဉ်ငါးရပ်ချမှတ်ဆောင်ရွက်မှုများကြောင့်လည်း နိုင်ငံတော်တွင် ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံများ ပြည့်စုံသလောက်နီးနီး တည်ဆောက်ပြီးကြောင်းကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းတည်ဆောက်ကြရာတွင် နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်အင်အားရှိသော အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှကြောင်း။

အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ထက်မြက်သည့်စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်လာစေရေးနှင့် အမျိုးသမီးများဘဝလုံခြုံရေး၊ အမျိုးသမီးများဘဝ လူနေမှုမြှင့်တင်နိုင်ရေးတို့အတွက် ဦးဆောင်ဦးရွက်ပြုမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အင်ပြည့်အားပြည့်၊ စွမ်းရည်အပြည့်နှင့် ပေါ်ထွန်း၍လာခဲ့ပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မြန်မာအမျိုးသမီးများသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အားကစား စသည့် နယ်ပယ်စုံမှာ ထူးချွန်ထက်မြက်သည့် အမျိုးသမီးများအဖြစ် နိုင်ငံတာဝန်များကို အမျိုးသားများနှင့်တန်းတူ ထမ်းဆောင်လျက်ရှိကြောင်း၊ အမျိုးသမီးများအနေဖြင့် မိမိတို့ တတ်ကျွမ်းထားသည့် ပညာ၊ ရရှိထားသည့် ဘွဲ့၊ ဒီဂရီတို့ဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုနေကြပြီဖြစ်သည့်အပြင် မိမိတို့ဘဝတူ အမျိုးသမီးများဘဝ ဖွံ့ဖြိုးရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ကြောင်း။

နိုင်ငံတော်တွင် စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ အမျိုးသမီးများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ဘဝဖွံ့ဖြိုးတိုးတက်လာကြမှာ မလွဲဧကန်ဖြစ်ကြောင်း၊ သို့သော်လည်း ဘဝဖွံ့ဖြိုးတိုးတက်မှုအပေါ် သာယာပြီး အကျင့်စာရိတ္တ မယိမ်းယိုင်စေရန် အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းသွားရန်လည်း လိုအပ်ကြောင်း။

မြန်မာ့ဆိုရိုးတွင် မိန်းမဖျက်တော့ ပြည်ပျက်ဟူသော မိန်းမဆိုးများနှင့် ပတ်သက်သည့် စကားပုံတစ်ခုရှိကြောင်း၊ မိမိကိုယ်မိမိ အစွမ်းထက်သယောင် ထင်မြင်ယူဆပြီး ပေါ်ပေါ်ထင်ထင် လုပ်ပြချင်သည့် မိန်းမသားများ သတိထားရမည်ဖြစ်ကြောင်း၊ မြောက်တိုင်းလည်း မမြောက်ကြရန်နှင့် သူတစ်ပါးကို အားအကိုးလွန်ကာ ပြည်ဖျက်မိန်းမဆိုးစာရင်း မဝင်စေရန် သတိထားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ အမျိုးသမီးများအနေဖြင့် မိမိ၏ ထက်မြက်သည့်စွမ်းရည်ကို နည်းမှန်၊ လမ်းမှန် အသုံးချတတ်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကြိုးပမ်းနေချိန်တွင် အင်အားကြီးနိုင်ငံတချို့က အကြောင်းအမျိုးမျိုးပြပြီး စီးပွားရေးပိတ်ဆို့မှုများ၊ ဖိအားပေးမှုများ၊ ပြည်ပ အကူအညီကန့်သတ်ပိတ်ဆို့မှုများ၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းတွင် ပိတ်ဆို့တားမြစ်မှုများ၊ ရရှိပြီးသည့် ရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်တားမြစ်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း၊ ထိုသို့ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံသားအားလုံး၏ စီးပွားရေးကျဆင်းအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖိအားပေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဤကိစ္စနှင့်ပတ်သက်သည့် ဆိုးကျိုးများ မြန်မာအမျိုးသမီးထုအတွင်း ရောက်ရှိလာပြီး မြန်မာအမျိုးသမီးအချို့ကို အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိအောင် တွန်းပို့လျက်ရှိသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံအရေး ကိုယ်တိုင်မျှော်တွေးပြီး အေးချမ်းသာယာသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နေချိန်တွင် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်နေသယောင်၊ လူ့အခွင့်အရေး ချိုးဖောက်နေသယောင်၊ လူကုန်ကူးမှုများ ရှိနေသယောင်၊ ကလေးသူငယ်များ စစ်မှုထမ်းခိုင်းနေသယောင်၊ အမျိုးသားညီလာခံကြီးကို အချိန်ဆွဲဆောင်ရွက်နေသယောင် စွပ်စွဲချက်အမျိုးမျိုးဖြင့် အင်အားကြီးနိုင်ငံတချို့က တစ်ဖက်စောင်းနင်း ပြောဆိုနေခြင်းများသည် ဓမ္မဓိဋ္ဌာန်မကျဘဲ လုပ်ကြံပုတ်ခတ်သည့် လုပ်ဇာတ်များသာဖြစ်နေသည့်အတွက် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးက လုံးဝလက်မခံနိုင်ကြောင်း။

ထို့အပြင် မိမိတို့ အမျိုးသမီးများ သွားနေကြ၊ လာနေကြနေရာများဖြစ်သည့် ဈေးနှင့် စူပါမားကက်ကဲ့သို့ နေရာများတွင် မသမာသူ အဖျက်သမား အာဏာရူးများ၏ ဗုံးထောင်ဖောက်ခွဲသည့် အဖျက်လုပ်ရပ်ကြောင့် မိမိတို့ အမျိုးသမီးများအပါအဝင် ရဟန်းရှင်လူ ပြည်သူများ သေကျေထိခိုက်ဒဏ်ရာရခဲ့ကြရကြောင်း။

မိမိတို့ မြန်မာအမျိုးသမီးများကိုပင် ရွေးချယ်ပြီး သတ်ဖြတ်ရန် ပက်စက်စွာ ကြံစည်ခဲ့သည်ဟု မိမိတို့ အမျိုးသမီးထုကြီးတစ်ရပ်လုံးက ယုံကြည်ကြကြောင်း၊ ထို့ကြောင့် ယုတ်မာရက်စက်သည့် ပြည်တွင်း ပြည်ပ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❀

ဖြူးဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၈

ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ ပြည်တွင်း၊ ပြည်ပ မဟာစည်နာယက) ဖြူးဆရာတော်သည် ဇူလိုင် ၉ရက်မှ ၁၂ရက်အထိ မြဝတီမြို့၊ ၁၃ရက်၌ ရေးမြို့ အစင်ရွာ၊ ၁၅ရက်၌ ဇီးဖြူသောင်ရွာ၊ ၁၆ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့တို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။
(က-ပ)

ILO ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ လူတစ်စု၊ လူတစ်ဖွဲ့၏ ခုတုံးလုပ်ခံနေရ

❁ စာမျက်နှာ ၉ မှ

အဖျက်သမားများကို မိမိတို့အမျိုးသမီးထုကြီးတစ်ရပ်လုံးက ဆန့်ကျင်ရှုတ်ချကြောင်းကို ပြောကြားလိုက်ပါကြောင်း။

ယနေ့ကာလတွင် မြန်မာအမျိုးသမီးများ၏ ဘဝမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အမျိုးသမီးများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာမှုမြှင့်တင်ရေး၊ စီးပွားရေးဖွံ့ဖြိုးရေး၊ မိသားစု သာယာရေး၊ မိမိယဉ်ကျေးမှုကို မြတ်နိုးစွာ ထိန်းသိမ်းရေးနှင့် အမျိုးသမီးငယ်လေးများ၏ဘဝလုံခြုံရေး လုပ်ငန်းရပ်များကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အခြားသော လူမှုရေးအဖွဲ့အစည်းအသီးသီးနှင့် ပေါင်းစပ်လက်တွဲပြီး အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များက ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိနေကြကြောင်း။

မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များအားလုံးသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သည့် စွမ်းပကားကို စုစည်းရယူပြီး အမျိုးသမီးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ကို အခြေခံလျက် ဥမကွဲ၊ သိုက်မပျက်၊ အေးအတူပူအမျှဖြင့် မိမိတို့ပြည်ထောင်စုကြီးအတွင်း တပေါင်းတစည်းတည်း နေထိုင်သွားကြမည်၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့် လက်တွဲ တွန်းလှန်ချေမှုန်းပြီး အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းမြတ်စုက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများသည် စိတ်သဘောထား နူးညံ့ပျော့ပျောင်းကြကြောင်း၊ ကရုဏာတရား၊

ကရင်ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဝင်ဒေါ်နန်းမြတ်စု မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

အကြင်နာတရားနှင့် မေတ္တာတရား ကြီးမားကြကြောင်း၊ ဟိရိသြတ္တပ္ပတရားပြည့်စုံပြီး မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရဆိုသည့် စကားနှင့်အညီ သိမ်မွေ့ကြကြောင်း၊ ပြောတာ၊ ဆိုတာ၊ နေတာ၊ ထိုင်တာနှင့် ဝတ်စားသွားလာကြတာအဆုံး ရိုးရာဓလေ့ကို ထိန်းသိမ်းကြကြောင်း၊ ယနေ့ဤအချိန်ထိ မြန်မာ့ရိုးရာဝတ်စုံများကို မြတ်နိုးစွာ ဝတ်ဆင်နေကြဆဲဖြစ်ကြောင်း၊ တစ်ပါးသူ ဒုက္ခဆင်းရဲ မကြုံကြစေချင်သကဲ့သို့ ဒုက္ခတွေ့နေသူများကိုလည်း ကူညီရန် ဝန်မလေးကြကြောင်း၊ သို့ရာတွင် ဝမ်းနည်းဖွယ်ရာ ကောင်းသည်မှာ မြန်မာ့မြေနှင့် ကင်းကွာ၊ မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုကို မေ့လျော့၊ မြန်မာအမျိုးသမီးတို့၏ နူးညံ့သည့် ကရုဏာများ၊ မေတ္တာတရားများ ခန်းခြောက်နေသူ တစ်ဦးတစ်ယောက်ကြောင့် မြန်မာအမျိုးသမီးထုကြီးအပေါ် ဆိုးကျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့လာရကြောင်း။

မိမိတို့၏ ဘိုးဘွားအစဉ်အဆက်ကတည်းက ထားရှိခဲ့သည့် မွန်မြတ်မှန်ကန်သော လူမှုရေးစိတ်ဓာတ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ ပျက်ပြားအောင်ဖန်တီးလာခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ ရပ်ရွာဒေသအကျိုးအတွက် မိမိတို့၏ ရင်ထဲမှ ဆန္ဒနှင့်အညီ စုပေါင်းပြီး သန့်ရှင်းရေးလုပ်ကြခြင်းများ၊ စုပေါင်းပြီး လမ်းဖောက်ကြခြင်းများ၊ စုပေါင်းပြီးတံတားဆောက်ကြခြင်းများစသည့် မွန်မြတ်သော လုပ်ရပ်များကို အတင်းအဓမ္မလုပ်အားပေးခိုင်းပါသည်ဟု မြန်မာစိတ်ပျောက်နေသူများက တစ်ဆင့်ဝါဒဖြန့်၊ မြန်မာ့လူနေမှုစနစ်နှင့် ယဉ်ကျေးမှုကို လုံးဝမသိနားမလည်သူများကို အယုံသွင်း စသည်ဖြင့်လုပ်လာကြောင်း၊ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောဆိုသည့် စိတ်ဖြင့် မိမိတို့ အာဏာရရှိရေးအတွက်သာ တစိုက်မတ်မတ်လုပ်ဆောင်နေသည်မှာ ထင်ရှားကြောင်း။

ပြည်တွင်းပြည်ပ အတိုင်အဖောက်ညီညီဖြင့် ဆောင်ရွက်ရာတွင် Federation of Trade Union of Burma (FTUB)၌ အတွင်းရေးမှူးလုပ်နေသည့် ပြည်သစ်ညွန့်ဝေ(ခေါ်) မောင်မောင်က မဟုတ်မမှန်သတင်းများကို အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားများ သမဂ္ဂအဖွဲ့ချုပ် (ICFTU) သို့ ပေးပို့တိုင်တန်းခဲ့ကြောင်း၊ ICFTU ကလည်း ILOသို့ ထပ်မံတိုင်တန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ILO သို့ ၁၈-၅-၁၉၄၈ရက်နေ့ ကတည်းက ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အာဏာရူးတစ်စု၏ လုပ်ကြံလီဆယ်မှုကြောင့် ၁၉၉၁ခုနှစ်မှစပြီး ILO နှင့် ဖြေရှင်းလာခဲ့ရကြောင်း၊ ယင်းသို့ စိတ်ကောင်းနှလုံးကောင်းဖြင့်ဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြည်ပပယောဂများ၊ပြည်တွင်းမှ မျိုးမစောင့်သူများ၏ တောင်းဆိုချက်များအရ ဖိအားပေးပိတ်ဆို့မှုများခံခဲ့ရကြောင်း၊ အမေရိကန်အစိုးရ၏ စီးပွားရေးပိတ်ဆို့ဟန့်တားမှုကြောင့် မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံအလုပ်ရုံအချို့ပိတ်ပစ်ခဲ့ရကြောင်း၊ ထို့ကြောင့် အလုပ်သမားပေါင်း ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ကြပြီး မှီခိုနေကြရသည့် မိသားစုလေးသိန်းကျော် အတိဒုက္ခရောက်ခဲ့ကြောင်း။

စားဝတ်နေရေးကျပ်တည်းပြီး အတိဒုက္ခရောက်ကြရသည့် မိသားစုထဲက ယုံလွယ်သော အမျိုးသမီးလေးအချို့သည် သွေးဆောင်ဖြားယောင်းမှုများကြောင့် လူကုန်ကူးခြင်းပင်ခံခဲ့ရကြောင်း၊ အချို့ဆိုလျှင် ပြည်ပ၌ အိမ်ဖော်အဖြစ် သွားရောက်လုပ်ကိုင်ခဲ့ရပြီး အိမ်ရှင်၏ မတော်မတရား ကျင့်ကြံခံရမှုများ၊ အိမ်ရှိအဖိုးတန်ပစ္စည်းများ ခိုးယူမှုအကြောင်းပြချက်ဖြင့် ဓာတ်ဆီလောင်းကာ အရှင်လတ်လတ် မီးရှို့သတ်ခံခဲ့ရသည့် မြန်မာမလေးမစု၏ ရင်နာစရာလက်တွေ့ဖြစ်ရပ်များလည်းရှိခဲ့ပါကြောင်း၊ အဓိကတရားခံသည် မည်သူလဲဆိုသည်မှာ စဉ်းစားစရာတောင်မလိုပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ပြည်သူတို့အတွက် ကောင်းကျိုးမပြုဘဲ ဆိုးကျိုးများသာပေးနေသည့် ILOမှ နုတ်ထွက်လိုက်လျှင် ကောင်းမှာပဲဟု သုံးသပ်ယူဆမိကြောင်း။

မိမိတို့ကရင်ပြည်နယ်တွင်လည်း မိုးရာသီ၌ ရေလွှမ်းမိုး၍ သွားလာရေးခက်ခဲသည့်အတွက် ဒေသခံဆရာတော် ဦးဆောင်ပြီး ဒါယကာ၊ ဒါယိကာမများက ကျားကလေးနှင့် ဇာသပြင်လမ်းကို ဖောက်လုပ်ခဲ့ကြကြောင်း၊ မြန်မာတို့ ဓလေ့ထုံးစံအရ ကိုယ့်အားကိုယ်ကိုးပြီး ဆရာ/ဒကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသတွင်း သွားလာလွယ်ကူစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သည့်အပေါ် ILO က အဓမ္မလုပ်အားပေးစေခိုင်းသည်ဟု မဟုတ်မမှန် စွပ်စွဲကြောင်း၊ **ILO ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များသည် လူတစ်စု၊ လူတစ်ဖွဲ့၏ ခုတုံးလုပ်ခံနေရကြောင်းကို ဝမ်းနည်းဖွယ်တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် မွန်မြတ်ကောင်းမွန်သည့် အစဉ်အလာ ဓလေ့ထုံးစံများကို ဝင်ရောက်စွက်ဖက်ပြီး ဂုဏ်သိက္ခာကျဆင်းအောင် ဆောင်ရွက်နေခြင်းဖြစ်၍လည်း မိမိတို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးက လုံးဝ(လုံးဝ) လက်မခံနိုင်ကြောင်း ဤနေရာမှ အတိအလင်း ပြောကြားလိုက်ပါကြောင်း။**

မိမိတို့ကရင်ပြည်နယ်သည် တစ်ဖက်နိုင်ငံနှင့် ဆက်စပ်နေသည့် အလျောက် လူကုန်ကူးမှုပပျောက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လူကုန်ကူးမှုကြိုတင်တားဆီးရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ကလည်း လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နေကြောင်း၊ ပညာပေးတားဆီး ပြန်လွှတ်သူ ၄၀၀၇ ဦး၊ လူမှောင်ခိုပွဲစားများ အရေးယူခြင်း ရှစ်ဦးနှင့် တစ်ဖက်နိုင်ငံမှ ပြန်ရောက်လာသူများအား လက်ခံ၍ မိဘရပ်ထံပြန်လည်အပ်နှံမှု ၁၃၈၉ ဦး ဆောင်ရွက်နိုင်ခဲ့ကြောင်း။

သို့သော်လည်း မိမိတို့၏ ထိုကဲ့သို့လုပ်ရပ်များကို မျက်ကွယ်ပြုပြီး အမေရိကန်နိုင်ငံက လူကုန်ကူးမှုတားဆီးရေးဥပဒေအရ မြန်မာနိုင်ငံကို အဆင့်လျှော့ချသတ်မှတ်ခြင်းပြုလုပ်ခဲ့ကြောင်း၊ တရားခံအစစ်ကို အရေးမယူသည့်အပြင် ဂုဏ်ပြုအမွှမ်းတင်ပြီး နစ်နာသူများကို ရေနစ်သူ ဝါးကူ၍ထိုးလိုက်ခြင်းပင်ဖြစ်ကြောင်း၊ ထပ်မံ၍အတိုင်အဖောက်ညီညီဖြင့် ကလေးသူငယ်စစ်သားကိစ္စ၊ လူ့အခွင့်အရေးကိစ္စနှင့် ဘယ်တုန်းကမှ မရှိခဲ့သည့် License to rape ကိစ္စများ ပုံဖော်ဖန်တီးလာနေကြပြန်ကြောင်း။

ယနေ့မိမိတို့ နိုင်ငံကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး အေးချမ်းသာယာသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်ကိုယ့်အားကိုယ့်မာန်၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တည်ဆောက်လျက်ရှိရာတွင် အင်အားကြီးကိုလိုနီလက်သစ်နိုင်ငံအချို့က မရှုဆိတ်သည့် သဘောနှင့် ပြည်တွင်း သစ္စာဖောက်အဖျက်သမားများမွေးပြီး လက်ဝါးချင်းရိုက်ကာ နည်းမျိုးစုံနှင့် နိုင်ငံတော်ပြိုကွဲအောင်လုပ်နေသည်ကို တွေ့ရှိနေရကြောင်း၊ အဆိုးဆုံးမှာတော့ ပြည်တွင်းမငြိမ်မသက်ဖြစ်အောင် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခြင်းပင်ဖြစ်ကြောင်း။

သံခဲဦးစီးသည့် ABSDFသည် ၁၉၉၆ခုနှစ်အတွင်း တရုတ်ပြည်မှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ပူဇော်ခံရာ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူအတွင်း ချိန်ကိုက်ဗုံးခွဲခဲ့သဖြင့် လုံခြုံရေးအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူငါးဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် မေလ ၇ ရက်တွင် ရန်ကုန်မြို့၌ သုံးနေရာဆက်တိုက် ဖောက်ခွဲခဲ့ခြင်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများပျက်အောင် အကြမ်းဖက်မှုများ လုပ်ခဲ့ခြင်းသည် မြန်မာ့စိတ်ထား၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ အလွန်အော့နှလုံးနာစရာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ရသမျှအချိန်တိုအတွင်း ရှိသမျှအင်အားဖြင့် ကြိုးလာသမျှဖိအားများ၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားအားထုတ်ကြိုးပမ်းချက်များနှင့် မနှိုင်းယှဉ်အပ်ပါကြောင်း၊ မည်သူက အဖျက်သမားလဲ၊ မည်သူက အပြုသမားလဲ ဆိုသည်မှာ အလွန်ပင်သိသာထင်ရှားနေပါကြောင်း။

မည်ကဲ့သို့ပင်ဖိအားပေးနှောင့်ယှက်တားဆီးမှုများတွေ့ကြုံရပါစေ မိမိတို့အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို အရှိန်အဟုန်မပျက် ဆက်လက် တည်ဆောက်သွားကြရမည်သာဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဖော်ဆောင်ခဲ့ကြသဖြင့် ယနေ့ နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဆောင်ရွက်ပြီးသလောက်လည်း ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို ဖော်ဆောင်လျက်ရှိရာ အမျိုးသားညီလာခံကြီးတွင် အောင်အောင်မြင်မြင် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် အခြေခံရမည့်မူများ ချမှတ်နိုင်လျက်ရှိကြောင်း။

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ကရင်ပြည်နယ်အတွင်းရှိ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်စဉ်။ (သတင်းစဉ်)

မိမိတို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ချမှတ်ထားသည့်ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့် အခြေခံမူများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအခြေခံမူများမှာ-

- **ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေး သက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် "အမျိုးသားရေးဆိုင်ရာ အခြေခံမူ"**
- **ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အလေးအနက်ထားဆောင်ရွက်မည်ဆိုသည့် "တိုင်းရင်းသားရေးရာဆိုင်ရာ အခြေခံမူ"၊**
- **ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် "လူမှုရေးဆိုင်ရာအခြေခံမူ"နှင့်**
- **အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် "အမျိုးသမီးရေးရာ အခြေခံမူ"များပင်ဖြစ်ကြောင်း။**

ယင်းကဲ့သို့ မွန်မြတ် မှန်ကန်သည့် ရည်ရွယ်ချက်များ၊ အခြေခံမူများနှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က နိုင်ငံလူဦးရေ၏ အင်အားထက်ဝက်ကျော်ရှိသော အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ စုစည်းညီညွတ်သည့် စွမ်းပကားကို အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာအောင် ဖော်ဆောင်လျက်ရှိနေကြောင်း။

နိုင်ငံတော်အတွက် ရှေးအစဉ်အဆက်မှ တာဝန်ကျေပွန်ခဲ့သည့် မြန်မာအမျိုးသမီးများ၏ ကောင်းမွေကိုခံယူပြီး ပခုံးပြောင်းတာဝန်ယူနေခြင်း ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးသည် တစ်ဦးတစ်ဖွဲ့အတွက် မရည်ညွှန်းဘဲ အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ စွမ်းပကားကို ဂုဏ်ပြုထားသည့် "မြန်မာအမျိုးသမီးများနေ့" တွင် နိုင်ငံတော် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် ကျရာ အခန်းကဏ္ဍမှ ပါဝင်ကြိုးပမ်းထမ်းဆောင်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်အတွင်း ထူးချွန်သူ အမျိုးသမီးများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၁၀ နာရီခွဲတွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ၏ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၃ ရက်က ကျင်းပရာ ရပ်ကွက် အသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်ဖုန်းမြင့် ကျေးဇူးတင်စကား ပြောကြားစဉ်။ (က-ပ)

စာပေလောကဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်
စာအုပ်စာပေထုတ်ဝေခွင့်ကို သတ်မှတ်ထားသည့် မူဝါဒများနှင့်ညီညွတ်လျှင် ဆောင်ရွက်ပေးမည်
ဂျာနယ်၊ မဂ္ဂဇင်း ထုတ်ဝေခွင့်ကို အမှန်တကယ်ထုတ်ဝေသူများရရှိစေရန် မူဝါဒများချမှတ်

ရန်ကုန် ဇူလိုင် ၈

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမဌကျင်းပရာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်သူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၀၅)ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ မိမိတို့အဖွဲ့သည် စာပေစိစစ်ခြင်းနှင့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ယခုအခါတွင် တာဝန်ယူ ဆောင်ရွက်ပေးနေရကြောင်း။

မိမိတို့အနေဖြင့် စာပေလောကဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေး အကျိုးစီးပွားတို့အတွက် စာပေလောကသားများနှင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရရှိအောင် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနသည် ထုတ်ဝေသူများကိစ္စ၊ ပုံနှိပ်သူများကိစ္စ၊ မှတ်ပုံတင်ရေးကိစ္စတို့တွင် အဓိကတာဝန်ရှိကြောင်း၊ ယင်းကိစ္စကိုလည်း မိမိတို့ဝန်ကြီးဌာနအတွင်း တာဝန်ရှိသူများအနေဖြင့် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း။

မူဝါဒများချမှတ်

မိမိတို့အဖွဲ့သည် လုပ်ငန်းတာဝန်အသစ်များကို မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများချမှတ်၍ အကောင်အထည်ဖော်သည်များလည်းရှိကြောင်း၊ ထို့ပြင် ယခင်က ချမှတ်ပေးထားသော လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော်ရသည်များလည်းရှိကြောင်း။

ဆက်လက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်က တာဝန်ပေးအပ်ချက်များ ထိရောက်အောင်မြင်မှုရှိအောင် အကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း။

ယခုတက်ရောက်လာကြသူများကလည်း နိုင်ငံတော်က ချမှတ်ပေးထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံ၏ စာပေလောက ပိုမိုဖွံ့ဖြိုးတိုးတက်အောင် မည်ကဲ့သို့ လုပ်ဆောင်သင့်သည်ဆိုသည်ကို ဝိုင်းဝန်းအကြံပြုကြစေလိုကြောင်း။

ကြီးကြပ်မှုဗဟိုအဖွဲ့ဝင်များသည် စာပေစိစစ်ရေးနှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်ရန် လိုအပ်ကြောင်း။

ရည်ရွယ်ချက်များ

ယင်းရည်ရွယ်ချက်များမှာ **(၁) စာပေလောကသားများ၏ စွမ်းအားကို တိုင်းပြည်နှင့်လူမျိုးအကျိုး ဖော်ဆောင်ရာတွင် စည်းရုံးကွပ်ကဲဆောင်ရွက်ရန် (၂) စာပေစိစစ်ရေးနှင့် စာပေလောကသားများ ညီညွတ်မျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် (၃) စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန် (၄) စာပေလောကလုပ်ငန်းများကို နိုင်ငံတော်၏ မူဝါဒ၊ ပေါ်လစီ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့်အညီ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန်**တို့ဖြစ်ကြောင်း။

ကြိုးပမ်းလုပ်ဆောင်

စာပေစိစစ်ရေးမူများ၊ လိုက်နာရမည့် နည်းဗျူဟာများ၊ စည်းကမ်းများနှင့် အညီဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပြီး အမျိုးသားရေးအင်အားစုအဖြစ် ပါဝင်လာစေရေး၊ စာပေလောကနှင့် စာပေစိစစ်ရေးတို့အကြား ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရေးတို့အတွက် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ထုတ်ဝေခွင့်

စာအုပ်စာပေထုတ်ဝေခွင့်ကို သတ်မှတ်ထားသည့် မူဝါဒများနှင့် ညီညွတ်လျှင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဂျာနယ်၊မဂ္ဂဇင်း၊ ထုတ်ဝေခွင့်ကိုလည်း အမှန်တကယ်ထုတ်ဝေသူများရရှိစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဗိုလ်မှူးတင့်ဆွေက စာပေစိစစ်ရေးမူများနှင့် ပုံနှိပ်သူ၊ ထုတ်ဝေသူ မှတ်ပုံတင်လုပ်ငန်းကြီးကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ အဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ပိုင်ကျုံရေထိန်းတံခါး
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၁၈)**
၁:၃၅ ၇။ ထင်ရှားစွမ်းရည် အမျိုးသမီးဂုဏ်ရည်
၁:၅၀ ၈။ ၂၀၀၅ခုနှစ် အမျိုးသမီးအားကစားစွမ်းရည်ပြပွဲ
၂:၀၀ ၉။ **"ကိုယ်ချင်းစာ" (ပြေတီဦး၊ ခင်ဇာခြည်ကျော်) [ဒါရိုက်တာ-ခင်ဇော်]**
၂:၃၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (ရူက္ခဗေဒ)**
၅:၁၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၂၅ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၅:၃၅ ၈။ တေးဂီတအစီအစဉ်
၅:၄၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၁၀ ၁၀။ တေးဂီတအစီအစဉ်
၆:၂၀ ၁၁။ **"ထာဝစဉ်နှလုံ မြန်မာ့ဂီတ" (အဆိုပညာဘာသာရပ်ဆွေးနွေးခန်း)**
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Discovery
၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း-၃၇)**
၇:၄၅ ၁၆။ ဝါဆိုခြင်းပွဲတော်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၅၆)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ကံ့မမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

ကံ့မမြို့နယ်အသင်း(ရန်ကုန်)၏ ဆဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံ၌ ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့၌ သီတင်းသုံးလျက်ရှိကြသော ကံ့မမြို့နယ် ဇာတိဖွား ဆရာတော်ကြီး ၁၆ ပါးအား ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်၍ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။

အသင်းဝင် မိသားစုများနှင့် ကံ့မမြို့နယ်သူ၊ မြို့နယ်သားအားလုံး ကြွရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဦးဝင်းအောင် ဖုန်း-၃၈၁၈၄၀၊ ၅၄၁၇၇၃၊ ဦးအောင်တိုး ဖုန်း-၀၉၉၉ ၂၄၇၇၃၊ ဦးသိန်းတန် ဖုန်း-၂၄၄၁၀၅၊ ဦးစိုးငြိမ်း ဖုန်း-၂၄၄၇၆၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း(၁)လမ်း အမှတ်(၈၈၃)နေ ကွယ်လွန်သူ ဦးအောင်ကျော်မြင့်(ဝန်ကြီး၊ ငြိမ်း)နှင့် သား ဦးအောင်ညွန့်သိန်း (ခ) ဦးကျော်စုတို့အား ရည်စူး၍ ကျန်ရစ်သူ ဒေါ်နှင်းလှနှင့် သားသမီးမြေးတစ်စုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၄ ရက် နံနက် ၈ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိရာ မြစ်ကြီးနားလေဆိပ်၌ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် စပါးစိုက်ပျိုးထုတ်လုပ်မှု၊ လမ်း/တံတားများ ပြုပြင်ထိန်းသိမ်းမှုနှင့် သစ်တောများစိုက်ပျိုးထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ်၌ ၂၀၀၄-၂၀၀၅ တွင် နွေစပါးဧက ၁၅၀၁၀ စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၅-၂၀၀၆ မိုးစပါး သတ်မှတ်လျာထားချက် ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များ၊ ပြည်နယ်အတွင်း မိုးရွာသွန်းမှု အခြေအနေ၊ မြစ်ရေအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကချင်ပြည်နယ်အတွင်းရှိ ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ ချီဖွေ-ပန်ဝါလမ်း၊ ဗန်းမော်-မဘိမ်း-မိုးမိတ်လမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ မြစ်ကြီးနား-ဖားကန့်လမ်း၊ ဖားကန့်-ခန္တီးလမ်း၊ မိုးကောင်း-တနိုင်း-ရှင်ဗွေယန်လမ်း၊ ရှင်ဗွေယန်-နမ့်ယွန်း-ပန်ဆောင်လမ်းတို့၌ လမ်းများတိုးချဲ့ပြုပြင်နေမှု၊ ကျောက်ခင်းကျင်းမှုနှင့် လမ်းများရှိ တံတားများနှင့် ပြုပြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအုန်းရွှေနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သစ်တော၊ သစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရှင်းလင်းတင်ပြသည်။

သယ်ယူပို့ဆောင်မှု

ထို့နောက် ရထားလမ်းများ၊ တံတားများပြုပြင်ထိန်းသိမ်းမှု အခြေအနေနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရှင်းလင်းတင်ပြရာတွင် မိုးရွာသွန်းမှုများပြားပြီး တောင်ကျရေစီးဆင်းမှု ပြင်းထန်သဖြင့် ဇွန် ၂၆ ရက်တွင် နဘား-ကသာ မီးရထားလမ်းပိုင်း၌ တံတားကြီး နှစ်စင်းနှင့် တံတားငယ် နှစ်စင်း ပျက်စီးမှုအခြေအနေ၊ တံတားကြီး တစ်စင်း၊ တံတားငယ် နှစ်စင်း ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေ၊ မကြာမီရက်ပိုင်းအတွင်း ကျန်တံတား တစ်စင်း ပြင်ဆင်ပြီးစီးမည့် အခြေအနေ၊ တံတားများပြုပြင်နေဆဲကာလတွင် ခရီးသည်များအား သယ်ယူပို့ဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်သူများ အနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိုးစပါးစိုက်ပျိုးမှုကို သတ်မှတ်လျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက်လမ်း၊ တံတားများကို ရာသီမရွေး သွားလာနိုင်သည့် အခြေအနေသို့ ရောက်အောင် ပြုပြင်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအောင်မြင်ရေးအတွက် ဝန်ကြီးဌာနများက ဆောင်ရွက်နေမှုများအပေါ် ဒေသဆိုင်ရာ တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပမ္မတီးကျေးရွာ အုပ်စုရှိ နန်းကွေ့ချောင်းပေါ်၌ တည်ဆောက်ထားသည့် ရွှေအိုက်သစ်သားတံတားသို့ ရောက်ရှိကြပြီး တံတားကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်တို့က ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ တာဝန်ခံဆရာမကြီး ဒေါက်တာနီနီဝင်းနှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်နှင့် စပ်လျဉ်း၍ တာဝန်ခံဆရာမကြီး ဒေါက်တာနီနီဝင်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဲဗားဂရင်းဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာ ဦးစန်းဦးက မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်မှာ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံဖြစ်ပြီး အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေရှိသည်၊ အဆောက်အအုံ၌ စုဝေးခန်းမ တစ်ခုနှင့် စာသင်ခန်း ၄၂ခန်း ပါဝင်သည်၊ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၁ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တည်ဆောက်ဆဲ မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပမ္မတီးကျေးရွာ အုပ်စုရှိ နန်းကွေ့ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ရွှေအိုက် သစ်သားတံတား ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး e-ASEAN/ ICT Unit တို့ ပူးပေါင်းကျင်းပသော အာဆီယံကြေးနန်း ဆက်သွယ်ရေးနှင့် အိုင်တီ အဆင့်မြင့် အရာရှိကြီးများ အထူးအစည်းအဝေးကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

အာဆီယံ ကြေးနန်းဆက်သွယ်ရေးနှင့် အိုင်တီ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး e-ASEAN/ ICT Unit တို့ ပူးပေါင်း၍ အာဆီယံ ကြေးနန်းဆက်သွယ်ရေးနှင့် အိုင်တီ အဆင့်မြင့် အရာရှိကြီးများ အထူး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များ၊နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံ ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ် များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆက်သွယ် ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးတင်ထွေးက ကြိုဆိုနှုတ်ခွန်း ဆက်စကား ပြောကြားပြီး အာဆီယံ ကြေးနန်းဆက်သွယ်ရေးနှင့် အိုင်တီ အဆင့်မြင့် အရာရှိကြီးများ အထူး အစည်းအဝေး သဘာပတိ Dr. Duangtip Surintatip, Principal Adviser for Foreign Affairs, Ministry of Information and Communication Technology, Thailand က အဖွင့်အမှာစကား ပြောကြားသည်။

အထူးအစည်းအဝေး မတိုင်မီ လုပ်ငန်းအဖွဲ့ အစည်းအဝေးများဖြစ် သည့် အာဆီယံသတင်းအချက်အလက် အခြေခံအဆောက်အအုံ အီလက်ထရော နစ် လူမှုအဖွဲ့အစည်းနှင့် အိုင်စီတီ စွမ်းရည် တည်ဆောက်ရေး၊ နေရာအနှံ့ ဆက်သွယ်မှုရရှိရေး၊ နည်းပညာကွာဟ ချက် ကျဉ်းမြောင်းရေးနှင့် အီလက် ထရောနစ် အစိုးရလုပ်ငန်းများနှင့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ် ရေးနှင့် အိုင်စီတီကုန်သွယ်မှု ချောမွေ့ လွယ်ကူရေး အစည်းအဝေးများကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့တွင် ကြိုတင်ကျင်းပခဲ့ပြီး အီလက်ထရောနစ် အာဆီယံ စီးပွားရေးလုပ်ငန်းကောင်စီ အစည်းအဝေးကိုလည်း အဆိုပါ ဟိုတယ်၌ ဇူလိုင် ၆ရက်တွင် ပင်မ အစည်းအဝေးနှင့် တစ်ပြိုင်တည်းကျင်းပ သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်အောင် ဇူလိုင် ၅ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေး စီမံချက်များအရ မြို့နယ်၊ ရပ်ကွက်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တောင်ဥက္ကလာပ မြို့နယ်တွင် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။ (၁၉)

အမှာစကားပြောကြား

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၈

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ယခင်နှစ်များကထက် အနှစ်သာရပြည့်ဝစွာဖြင့် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ပြီးခဲ့သည့် နွေရာသီ ကျောင်းပိတ်ရက်များကစ၍ ပြည်နယ်နှင့် တိုင်းအလိုက် ခရိုင်အဆင့်၊ မြို့နယ်အဆင့်အထိ အဆို၊ အက၊ အရေး၊ အတီး နွေရာသီ ပံ့မှန်သင်တန်းများ ဖွင့်လှစ်ပြီး ပညာရှင်ကြီးများကိုယ်တိုင် သွားရောက် သင်ကြားပေးနေပြီဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီများအနေဖြင့် နှစ်စဉ် အတွေ့အကြုံများ ရှိပြီးဖြစ်သည့်အတွက် ကော်မတီအလိုက် ကြိုတင်ဆောင်ရွက်သင့်သည့် လုပ်ငန်းတာဝန်များကို ကြိုတင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲကြီးကို စနစ်တကျဖြင့် အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုက စီစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ပညာရှင်ကြီးများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားရန်ဖြစ်ကြောင်း။

ပြိုင်ပွဲကြီး အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ပညာရှင်ကြီးများ၊ ကော်မတီဝင်များ အားလုံးက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ပြိုင်ပွဲကျင်းပရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိမှုများ၊ ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ခြင်းလုံးခတ်နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၈

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်(လေ) စုပေါင်းရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲချစ်ဖေ တက်ရောက်၍ ဆုရအသင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဦးစီးအရာရှိများ၊ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြဝတီသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ မြဝတီဆရာတော် အမှူးရှိသော ဆရာတော် သံဃာတော်များအား (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈နာရီတွင် အရိယာသိမ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ထီး၊ ဖိနပ်၊ ယပ်တို့နှင့် ဆေးဝါးစသော ပစ္စည်းလေးပါးတို့ကို သဒ္ဓါအလျောက် လှူဒါန်းလိုပါက သာသနာ့ရိပ်သာ ဖုန်း-၅၇၂၆၆၄ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၈

ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်း သာသနာ့လင်္ကာရ ပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တကေတု (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော စာချစာသင် သံဃာတော် ၇၅ပါးတို့အား ဂေါပကအဖွဲ့ကကြီးမှူး၍ (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာများကြွရောက် ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း လီမိတက် ဝန်ဆောင်မှုလုပ်ငန်းများ မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၈

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း လီမိတက် (MICTDC)၏ ဝန်ဆောင်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ MICT Park ၌ ကျင်းပရာ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုးချဲ့တည်ဆောက်

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း လီမိတက် MICTDC သည် နိုင်ငံတစ်ဝန်းလုံး၌ ICT နှင့် Internet ကို လွယ်ကူသက်သာစွာ အသုံးပြုနိုင်စေရန်၊ e-Government, e-commerce နှင့် e-Education အစရှိသည့် လုပ်ငန်းများအတွက် လိုအပ်သည့် Infra-structure ကို အဆင်သင့်ဖြစ်နေစေရန်၊ နိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွင် ကဏ္ဍတစ်ရပ်မှာ အထောက်အကူပြုစေရန်နှင့် ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများအနေဖြင့် ICT နှင့် Internet ကို လွယ်ကူစွာ ထိတွေ့ အသုံးပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် Public Access Center များကို မြန်မာနိုင်ငံအတွင်း ပထမအဆင့်အဖြစ် ပြည်နယ်၊ တိုင်း၊ ခရိုင်ရှိ မြို့ကြီးများ၌ Center ၄၇ ခု၊ ဒုတိယအဆင့်အဖြစ် မြို့နယ်များ၌ Center ၁၀၀နှင့် စတုတ္ထအဆင့်အဖြစ် ကျန်မြို့နယ်များ၌ Center ၂၀၀ တည်ထောင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆက်လက်၍ နယ်စပ်ဒေသများနှင့် ကျေးရွာများ၌ပါ တိုးချဲ့တည်ဆောက် ဖွင့်လှစ်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။



၂၀၀၅ ခုနှစ် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဆန်းဆိုလူရွေးပြိုင်ပွဲကို ဇူလိုင် ၈ ရက်က အောင်ဆန်းအားကစားကွင်း၌ စတင်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ဂုဏ်ပြုအမှာစကားပြောကြား

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ရှိ ဗွဲကပင်ခန်းမ၌ ကျင်းပရာ သဘာပတိ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ပမှ အဝမ္ပစ္စပ်စွဲပြီး ဗီအားတွေမည်မျှပင်ပေးကြပါစေ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" စကားနှင့်အညီ ကိုယ့်အားကိုယ်ကိုးပြီး မျိုးချစ်စိတ်ဖြင့် ရင်ဆိုင်ကျော်လွှားမည်

ရန်ကုန် ဇူလိုင် ၈

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဗွဲကပင်ခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်အားကြီးနိုင်ငံအချို့ လူ့အခွင့်အရေးဆိုသည့် စကားလုံးကို လိုတစ်မျိုး၊ မလိုတစ်မျိုး အသုံးပြုနေစက်ရုံအချို့ ပိတ်လိုက်ရသည့်အတွက် အလုပ်သမား သောင်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့ရခြင်းသည် မြန်မာပြည်သူများ အလုပ်လုပ်ကိုင်ခွင့်ဆိုသည့် လူ့အခွင့်အရေးဆုံးရှုံးစေသော အဖျက်လုပ်ရပ်ဖြစ်

ရန်ကုန် ဇူလိုင် ၈

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင်၊ မကွေးတိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်သန်းသန်းနွဲ့၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မကွေး၊ ရေနံချောင်း၊ ပခုက္ကူ၊ ချောက်၊ ရေစကြို၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ မြိုင်၊ ပေါက်၊ မင်းဘူး၊ ဆိပ်ဖြူ၊ ပွင့်ဖြူ၊ ငဖဲ၊ စလင်း၊ စေတုတ္တရာ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ အောင်လံ၊ သရက်၊ ကံမ၊ မင်းလှ၊ ဆင်ပေါင်ဝဲနှင့် မင်းတုန်းမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ထူးချွန်အမျိုးသမီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တက္ကသိုလ်များမှ ကျောင်းသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပညာရေးကောလိပ်များမှ အမျိုးသမီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)